ကြေးမုံ
The Mirror Daily
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

ကောင်းမှုပွားများခြင်းက
နှစ်တန်သောဘဝ ချမ်းသာစေတတ်

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏။ ထိုကောင်းမှုဌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏။ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါဝဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ သောကြာနေ့။ Friday, 13 September 2024 ၁၁၅၇၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးသင့်ပြည်သူများကို ယာယီရေဘေးရှောင်စခန်းများဖွင့်လှစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၂

နေပြည်တော် ကောင်စီနယ်မြေအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေ၊ ချောင်းရေများ မြင့်တက်လာပြီး ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ ရပ်ကွက်၊ ကျေးရွာများတွင် ရေနစ်မြုပ်မှုများ ဖြစ်ပွားလျက်ရှိသည့်အတွက် လတ်တလောတွင် ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြောင်းရွှေ့နေရာချထားပေး

အဆိုပါ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ရေဘေးလွတ်ရာ ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ စက်လှေများ၊ မော်တော်ယာဉ်များဖြင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○



ကူညီကယ်ဆယ်ရေးအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးစဉ်။

အထူးမိုးလေဝသ သတိပေးချက်

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့် အနောက်မြောက်ပိုင်းဒေသများတွင် ဖြစ်ပေါ်ခဲ့သော လေပွေလှိုင်းသည် အနောက်- အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၃၆ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

ယနေ့ ဖတ်စရာ

စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးဆီသို့

ဆောင်းပါး စာမျက်နှာ » ၆

မံလွဲယံ ကြိုးပြင်ကာကွယ်တော သတ်မှတ်

စာမျက်နှာ » ၁၅

မိုးစပါး၊ ဝါသီးနှံနှင့် မိုးသီးနှံများ ရာသီချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး နှိုးဆော်

စာမျက်နှာ » ၇

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ၂၀၂၄

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၁၇) ရက်သာ လိုတော့သည်။

IMMIGRATION

လူကုန်ကူးမှုအန္တရာယ်ဝိုင်းဝန်းတိုက်ဖျက်

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံအများစုဌ် လူကုန်ကူးမှုအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ယနေ့သည် ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ၂၀၂၄ ခုနှစ် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အတွက် "ကလေးသူငယ် ချန်မထား လူကုန်ကူးမှု တိုက်ဖျက်သွား" ဆောင်ပုဒ်ကို ချမှတ်ထားပြီး အဆိုပါဆောင်ပုဒ်နှင့်အညီ ကလေးသူငယ်များအပါအဝင် လူကုန်ကူးခံရမှုအန္တရာယ်မှ ကင်းဝေးစေရန် အားလုံးပါဝင်လက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို "လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံနှံစေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်" ဟူသော ရည်ရွယ်ချက် (၄)ရပ်ကို ချမှတ်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူကုန်ကူးမှုတိုက်ဖျက်ရေး စတုတ္ထငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၆) ကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုလျှင် လူကုန်ကူးခံရမှုအန္တရာယ်များမှ လျော့ပါးကင်းဝေးသွားမည်ဖြစ်သည်။ လူကုန်ကူးခံရခြင်း၏ အဓိကအကြောင်းရင်းများတွင် သတင်းမှားများဖြင့် လိမ်လည်လှည့်ဖြားခံရခြင်းသည် အဓိကတူညီနေသောအချက်ဖြစ်သည်။ ယခင်က လူအချင်းချင်းတွေ့ဆုံ၍ လိမ်လည်လှည့်ဖြားပြီး သားကောင်အဖြစ် ဖန်တီးကြရာမှ မျက်မှောက်ကာလတွင် လူမှုကွန်ရက်များကို အသုံးပြု၍ လူကုန်ကူးဂိုဏ်းများအသွင် ဆောင်ရွက်လာကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

လူကုန်ကူးဂိုဏ်းများသည် အင်တာနက်နည်းပညာကိုအသုံးပြု၍ မသိနားမလည်သူ၊ အသိပညာဗဟုသုတနည်းပါးသူတို့ကို ပစ်မှတ်ထားစုဆောင်းလေ့ရှိသည်။ အလုပ်အကိုင်အခွင့်အလမ်းများ၊ မက်မောလောဘသည့် လစာ၊ ငွေကြေးများဖြင့် မက်လုံးပေးကာ ပြောဆိုစည်းရုံး လိမ်လည်ခေါ်ဆောင်ပြီး သားကောင်အဖြစ် ထောင်ဖမ်းလေ့ရှိသည်။ ထိုသို့သောအခြေအနေများကို သက်ဆိုင်ရာအဖွဲ့အစည်းများက အကြိမ်ကြိမ်အသိပေးနှိုးဆော်ခြင်း၊ အသိပေးခြင်းများ ပြုလုပ်လျက်ရှိသော်လည်း မိမိတို့၏ အလိုဆန္ဒများကို ရှေ့တန်းတင်မှုကြောင့် သားကောင်ဘဝသို့ ကျရောက်သွားသူများကို မကြာခဏမြင်တွေ့ကြားသိနေရသည်။

လူကုန်ကူးမှုပြဿနာသည် မဖွံ့ဖြိုးသေးသောနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဖြစ်များသည်ဆိုသော်လည်း အမေရိကန်နိုင်ငံကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင်လည်း ဖြစ်ပွားနေသည်ကို ကြားသိနေရသည်။ မျက်မှောက်ကာလတွင် ကမ္ဘာတစ်ခွင်၌ အွန်လိုင်းလောင်းကစားများ၊ အွန်လိုင်းလိမ်လည်မှုများ ကြီးထွားလာရာ ၎င်းတို့သည် ရာဇဝတ်ဂိုဏ်းများအဖြစ် တည်ထောင်လာကြပြီး လူကုန်ကူးမှုလုပ်ငန်းများပါ အတူတွဲလုပ်ဆောင်လာကြသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုနှင့် လက်နက်မှောင်ခိုမှုပြီးလျှင် လူကုန်ကူးမှုသည် တတိယမြောက်ဝင်ငွေအများဆုံး ဒုစရိုက်လုပ်ငန်းဖြစ်သည်ဟု ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက သတ်မှတ်ထားသည်။

ယခုရက်ပိုင်းအတွင်း အရှေ့အလယ်ပိုင်းနိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန်အတွက် သွားရောက်ခဲ့ကြသော မြန်မာနိုင်ငံသူ မိန်းကလေးများ ဒုက္ခဆင်းရဲအခက်အခဲမျိုးစုံကြုံတွေ့ရမှုများ၊ အလုပ်အကိုင်မရရှိဘဲ သောင်တင်နေသူများသည် လူကုန်ကူးခံရခြင်းသာဖြစ်သည်။ မကြာသေးမီက ဖြစ်စဉ်တစ်ခုတွင် တရုတ်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားပြီး ဖိလစ်ပိုင်မှ ထိုင်းနိုင်ငံသို့ရောက်ရှိလာသူတစ်ဦးသည် မြန်မာနိုင်ငံသို့ခိုးဝင်ပြီး တရားမဝင်အလုပ်လုပ်ကိုင်ကာ ထိုင်းနိုင်ငံသို့ ပြန်လည်ခိုးဝင်စဉ် ဖမ်းဆီးခံရသည်။

မြန်မာနိုင်ငံတွင် အဖြစ်အများဆုံး အွန်လိုင်းလိမ်လည်မှုများမှာ ငွေကြေးဆိုင်ရာနှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လိမ်လည်ခြင်းနှင့် ငွေကြေးရလိုမှုကြောင့် ဖြစ်ပေါ်လာသည့် လူကုန်ကူးခံရမှုများဖြစ်သည်။ အဆိုပါလိမ်လည်မှုများနှင့်ပတ်သက်၍ ပြည်တွင်းရှိ နိုင်ငံသားများသာမက ပြည်ပရှိ နိုင်ငံသားများလည်း ပါဝင်လာသည်ကို တွေ့ရသည်။ အထူးသဖြင့် နယ်စပ်ဒေသအချို့တွင် ဖွင့်လှစ်ထားသော အွန်လိုင်းလောင်းကစားရုံများနှင့် နိုင်ငံဖြတ်ကျော် လူကုန်ကူးမှုများ အများဆုံးဖြစ်လာသဖြင့် လူကုန်ကူးမှုနှင့် အွန်လိုင်းလိမ်လည်မှုမှုခင်းများကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းလက်တွဲတိုက်ဖျက်လျက်ရှိသည်။

သို့ဖြစ်ရာ လူကုန်ကူးမှုဆိုင်ရာ အသိပညာဗဟုသုတများ ပြည်သူလူထုအတွင်း ပျံနှံရန်လိုအပ်ပြီး လူကုန်ကူးခံရသူများအား စာနာနားလည်မှုဖြင့် ကာကွယ်စောင့်ရှောက်ပေးရန်လိုသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းလက်တွဲပြီး အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ဇီးကုန်းမြို့နယ် အ.ထ.က(မြို့မ) ကျောင်း၌ ဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ဟောပြော



ဇီးကုန်း စက်တင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက အ.ထ.က(မြို့မ) ကျောင်း၌ ကျင်းပသည်။

အဖွင့်အမှာစကား ပြောကြား

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ဇာခြည်ဝင်းက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာပုံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်ခင်စုစုနှင်းက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ အကြောင်းကိုလည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲနှင့် ပထမအကြိမ် မဲပေးကြမည့် လူငယ်များအခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများ၏ သိလိုသောမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်းနှင့် အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးဝန်ထမ်းများနှင့် ဆရာ ဆရာမများ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပေါင်မြို့နယ်၌ အမှတ်(၁) ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလိမိတက် အစည်းအဝေး ပြုလုပ်



ပေါင် စက်တင်ဘာ ၁၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အမှတ်(၁) ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလိမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက(အထက)ပေါင် ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမင်းညွန့်တင်က အမှာစကားပြောကြားပြီး အမှတ်(၁)ပညာရေး ငွေစုငွေချေးအသင်းဥက္ကဋ္ဌ ဦးမင်းညွန့်တင်၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်သင်းသင်းယုနှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က သမဝါယမအသင်း၏ ငွေစုငွေချေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ငွေစာရင်းရှင်းတမ်းဖတ်ကြားခြင်း၊ အသင်းစာရင်းစစ် အစီရင်ခံစာဖတ်ကြားခြင်းနှင့် အသင်းသားများ၏ သားသမီးများဖြစ်သည့် ၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူ သုံးဦးအား တစ်ဦးလျှင် ကျပ် ၅၀၀၀၀၀၊ တစ်ဘာသာဂုဏ်ထူး ရရှိသော ကျောင်းသား ကျောင်းသူ နှစ်ဦးအား တစ်ဦးလျှင် ကျပ် ၁၀၀၀၀၀စီနှင့် စုဆောင်းငွေအများဆုံး အသင်းသား သုံးဦးကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၂ - ၉ - ၂၀၂၄

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၀၀၀	၈,၉၀၀	၁,၀၂၄	၉,၀၁၅,၄၀၀
MTSH	၃,၅၀၀	၃,၅၀၀	၁၁၀	၃၈၁,၇၀၀
MCB	၈,၉၀၀	၉,၀၀၀	၆	၅၃,၅၀၀
FPB	၁,၈၅၀	၁,၈၅၀	၁၁၂	၂၀၇,၂၀၀
TMH	၂,၈၀၀	၂,၈၀၀	၄၁၃	၁,၁၅၆,၄၀၀
EFR	၁,၇၅၀	၁,၇၅၀	၈၂၇	၁,၄၁၁,၀၀၀
AMATA	၄,၆၀၀	၄,၆၀၀	၄၆	၂၁၁,၆၀၀
MAEX	၃,၄၀၀	၃,၄၅၀	၁၁၂	၃၈၆,၃၀၀
MADPL(PLB)	၃၇,၀၀၀	၃၇,၀၀၀	၁၀၀	၃,၇၀၀,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ

အကြီးတန်း – ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊
သတင်းထောက်များ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၁

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများနှင့်ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

(၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တည်ဆဲဥပဒေများအရ တားဆီးနှိမ်နင်းရေးများ ဆောင်ရွက်ခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို ပြည်သူတစ်ရပ်လုံး သိရှိကာ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလာခဲ့သည်မှာ ယခုအခါ (၁၂)ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

လူကုန်ကူးမှုသည် ၂၀ ရာစုနှောင်းပိုင်းတွင် ခေတ်သစ်ကျွန်ပြုမှုအသွင်ဖြင့် ပေါ်ပေါက်လာကာ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုအဖြစ် ဖြစ်ပွားလျက်ရှိပါသည်။ နိုင်ငံတကာ ကျွမ်းကျင်သူများ၏ တွက်ချက်မှုများအရ လူကုန်ကူးမှုသည် တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနောက်တွင် အမြတ်အစွန်းရရှိမှု၏ ဒုတိယအကြီးဆုံး အရင်းအမြစ်အဖြစ် သတ်မှတ်ခံထားရပါသည်။

လူကုန်ကူးမှုသည် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနှင့် လူ့အဖွဲ့အစည်းကို ထိခိုက်ပျက်စီးစေရုံသာမက အသက်အိုးအိမ်စည်းစိမ်ကိုပါ များစွာထိခိုက်စေလျက်ရှိကာ လူကုန်ကူးသူများအနေဖြင့် အမြတ်အစွန်းကြီးမားစွာ ရရှိသောကြောင့် မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပွားရုံသာမက နိုင်ငံ၏နယ်နိမိတ်ဖြတ်ကျော်ကာ အခြားနိုင်ငံများဆီသို့ ဦးတည်၍ ဖြစ်ပွားလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime – UNCTOC)နှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ်(Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children)၊ ကုန်းလမ်း၊ ရေလမ်းနှင့်လေကြောင်း အသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ် (Protocol against the Smuggling of Migrants by Land, Sea and Air)တို့ကို ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ လူကုန်ကူးခြင်း အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons Especially Women and Children–ACTIP)ကို ၂၀၁၇ ခုနှစ်၊ ဧန်နဝါရီလ ၆ ရက်နေ့တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

မိမိတို့မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုပြဿနာများကို တိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ(၄)ရပ်နှင့် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအား စနစ်တကျဖွဲ့စည်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုများဖြင့် လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး၊ မှုခင်းများအား တရားစွဲဆိုရေး လုပ်ငန်းများနှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို (၅)နှစ်စီမံကိန်းများရေးဆွဲ၍ မဟာဗျူဟာ(၃)ရပ်၊ နည်းဗျူဟာ(၄)ရပ်နှင့် လုပ်ငန်းကဏ္ဍ(၄)ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ တတိယနှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်မြင်အောင် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ လူကုန်ကူးမှုပြဿနာသည် အိမ်နီးချင်းနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအချို့၏ ဈေးကွက်လိုအပ်ချက်များနှင့် ချိတ်ဆက်ဖြစ်ပွားလျက်ရှိနေကြောင်း တွေ့ရှိနေရပါသည်။ နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ကိန်းဂဏန်းများအရ ပြည်တွင်းလူကုန်ကူးမှု ၅၆ ရာခိုင်နှုန်း၊ ပြည်ပလူကုန်ကူးမှု ၄၄ ရာခိုင်နှုန်း ဖြစ်ပွားလျက်ရှိပြီး ပြည်တွင်းလူကုန်ကူးမှုတွင် အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မခိုင်းစေမှုများ အဓိကဖြစ်ပွားလျက်ရှိပါသည်။ ပြည်ပလူကုန်ကူးမှုအနေဖြင့် အဓမ္မလက်ထပ်ထိမ်းမြားမှု၊ အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မခိုင်းစေမှု၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေမှု၊ အဓမ္မမွေးစားမှု၊ ကလေးရောင်းစားမှုနှင့် အဓမ္မတောင်းရမ်းစေခိုင်းမှုများ ဖြစ်ပွားလျက်ရှိပါသည်။ ထို့အပြင် ၂၀၂၄ ခုနှစ်တွင် အိမ်နီးချင်းနိုင်ငံသို့ ဦးတည်ဖြစ်ပွားသည့် အင်္ဂဒေသကိုယ်ဝန်ဆောင်သည့် လူကုန်ကူးမှုကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါသည်။

လူကုန်ကူးမှုကျူးလွန်သူများသည် ယခင်က ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော် စသည့်ဒေသများမှ အမျိုးသမီးငယ်များကို လိမ်လည်စုဆောင်း၍ အိမ်နီးချင်းနိုင်ငံများသို့ ပို့ဆောင်ခဲ့ကြပြီး ယခုအခါတွင် နယ်စပ်ဒေသရှိ လူကုန်ကူးသူများထံသို့လည်းကောင်း၊ တစ်ဖက်နိုင်ငံရှိ လူပွဲစားများထံသို့လည်းကောင်း ပို့ဆောင်ရောင်းစားနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ပြည်တွင်းလူကုန်ကူးမှုများတွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော် စသည့်ဒေသများမှ အမျိုးသမီးငယ်များအား လိမ်လည်ခြင်း၊ သွေးဆောင်စည်းရုံးခြင်းဖြင့် စုဆောင်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)ရှိ (မူဆယ်၊ လောက်ကိုင်၊ မိုင်းပေါက်၊ တာချီလိတ်) ဒေသများသို့ ပို့ဆောင်ပြီး အဓမ္မပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်းများ ကျူးလွန်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ယခင်ကာလများက ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုများကြောင့် ပညာအရည်အချင်း နိမ့်ပါးသူများသာ လူကုန်ကူးခံရသည့် ပြဿနာများ ပေါ်ပေါက်ခဲ့သော်လည်း ယခုကာလတွင် ပညာတတ်များလည်း လူကုန်ကူးခံရသည့် ဖြစ်စဉ်များတွင် ပါဝင်နေကြောင်း တွေ့ရှိနေရပါသည်။ လူကုန်ကူးသူများသည် တိုးတက်ပြောင်းလဲလာသည့် နည်းပညာများကိုအခြေခံကာ Facebook, Wechat, Telegram, Tik Tok များအသုံးပြုပြီး မက်လုံးပေးစည်းရုံး၍ အွန်လိုင်းလိမ်လည်မှုခင်းများ ကျူးလွန်လာကြရာမှ ၎င်းနှင့်ဆက်နွယ်ပြီး လူကုန်ကူးမှုများ၊ တရားမဝင် လူစုဆောင်းခြင်းများ၊ လိမ်လည်မှုများပြုလုပ်ကာ လူသားအချင်းချင်းအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ အဓမ္မလက်ထပ်ခိုင်းစေခြင်းနှင့် အဓမ္မအင်္ဂါးကိုယ်ဝန်ဆောင်စေခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိလာရပါသည်။

ယခုအခါ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၌ အွန်လိုင်းလိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစား (Online Gambling)များ တရားမဝင် ဖွင့်လှစ်လုပ်ကိုင်လာကြပြီး နိုင်ငံခြားသားများကို အွန်လိုင်းမှ စည်းရုံးကာ အတင်းအကျပ်ခိုင်းစေမှုများ ကြုံတွေ့နေရပါသည်။ အဆိုပါဖြစ်ပေါ်နေမှုကို နိုင်ငံတကာမှ ပုံစံသစ်ဖြင့် ဖြစ်ပေါ်လာသော လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှု (New Emerging Trend of Human Trafficking)ဟု အမည်တပ်လာကြပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း အွန်လိုင်းလိမ်လည်မှု (Online Scam)လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကျပ်ခိုင်းစေခံရသူများကို ကယ်တင်၍ နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်လျက်ရှိပါသည်။ အဆိုပါဖြစ်စဉ်များတွင် ဒေသတွင်းမဟုတ်သည့် အခြားနိုင်ငံများက နိုင်ငံခြားသားများလည်း ပါဝင်လာသည်ကို တွေ့ရှိနေရသည့်အတွက် အလေးအနက်ထားထိန်းချုပ်ရန် လိုအပ်သောကြောင့် နိုင်ငံ

မြန်မာနိုင်ငံတွင် ယခင်ကာလများက ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးမှုများကြောင့် ပညာအရည်အချင်း နိမ့်ပါးသူများသာ လူကုန်ကူးခံရသည့် ပြဿနာများ ပေါ်ပေါက်ခဲ့သော်လည်း ယခုကာလတွင် ပညာတတ်များလည်း လူကုန်ကူးခံရသည့် ဖြစ်စဉ်များတွင် ပါဝင်နေကြောင်း တွေ့ရှိနေရပါသည်။ လူကုန်ကူးသူများသည် တိုးတက်ပြောင်းလဲလာသည့် နည်းပညာများကိုအခြေခံကာ Facebook, Wechat, Telegram, Tik Tok များအသုံးပြုပြီး မက်လုံးပေးစည်းရုံး၍ အွန်လိုင်းလိမ်လည်မှုခင်းများ ကျူးလွန်လာကြရာမှ ၎င်းနှင့်ဆက်နွယ်ပြီး လူကုန်ကူးမှုများ၊ တရားမဝင် လူစုဆောင်းခြင်းများ၊ လိမ်လည်မှုများပြုလုပ်ကာ လူသားအချင်းချင်းအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ အဓမ္မလက်ထပ်ခိုင်းစေခြင်းနှင့် အဓမ္မအင်္ဂါးကိုယ်ဝန်ဆောင်စေခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိလာရ

ပေါင်းစုံ ပူးပေါင်းပါဝင်မှုဖြင့် တိုက်ဖျက်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ အွန်လိုင်းမှတစ်ဆင့် လိမ်လည်ဖြားယောင်းမှုများနှင့် ပတ်သက်ပြီး ပြည်သူလူထုသိရှိနိုင်ရေး အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းနိုင်ရေးအတွက် ၂၉-၁၁-၂၀၂၃ ရက်နေ့တွင် ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးလုပ်ငန်းကော်မတီအား ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါကော်မတီမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသည့် အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များအပေါ် စိစစ်၍ လူကုန်ကူးခံရနိုင်ခြေ အလားအလာရှိသူ(Potential Victim) များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိလာပြီး အခက်အခဲမျိုးစုံကြုံတွေ့နေရသည့် နိုင်ငံခြားသားများအား မြန်မာနိုင်ငံရှိ သံရုံးများနှင့် National Central Bureau လမ်းကြောင်းများမှတစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့်ပတ်သက်၍လည်း ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက် ကွန်ဗင်းရှင်း၊ လုပ်ငန်းလမ်းညွှန် (TOR)နှင့် လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲ အတည်ပြုနိုင်ခဲ့ပါသည်။

မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ ဝန်ကြီးများအဆင့် အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဒေသတွင်းလုပ်ငန်းအဖွဲ့အစည်းအဝေးများကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ဒေသတွင်းနိုင်ငံများအကြား လူကုန်ကူးမှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရေးအတွက် မဲခေါင်ဒေသခွဲလုပ်ငန်းစီမံချက်များ ရေးဆွဲ အကောင်အထည်ဖော်ခဲ့ရာ (၄)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါသည်။ လုပ်ငန်းစီမံချက်ပါလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အကြား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်း တော်ဝင်ရဲတပ်ဖွဲ့တို့အကြား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာအစည်းအဝေးများကို မြန်မာနိုင်ငံမှ ဦးဆောင်ကျင်းပနိုင်ခဲ့ပါသည်။

အစည်းအဝေးများတွင် ဒေသတွင်းနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုများတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများ ကယ်တင်ရရှိရေး၊ လူကုန်ကူးမှုများ စုံစမ်းစစ်ဆေးရေးနှင့် တရားခံစုံစမ်းဖော်ထုတ်ရေး၊ လူမှုကွန်ရက် အသုံးပြု၍ လူကုန်ကူးမှုကျူးလွန်ခြင်းများ စုံစမ်းဖော်ထုတ်ရေးနှင့် ပြစ်မှုကျူးလွန်သူ အတည်ပြုရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကြိုတင်ကာကွယ်ခြင်းသည် ထိရောက်သော ဟန့်တားမှုဖြစ်သဖြင့် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူလူထုကို လူကုန်ကူးမှုအသိပညာပေးမှုခင်းသတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ဇာတ်လမ်းတိုများ၊ တေးသီချင်းများ၊ အသိပညာပေးစကားဝိုင်းများ စသည်တို့အား ထုတ်လွှင့်ပြသခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် SMS ပေးပို့ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် Hot Line ဖုန်းများ တိုးချဲ့တပ်ဆင်ခဲ့ပြီး လူကုန်ကူးမှုသတင်းလက်ခံခြင်း၊ အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် သက်ဆိုင်ရာဌာနများအချင်းချင်းပူးပေါင်း၍ မြို့ပြဒေသများတွင်သာမက ကျေးလက်ဒေသများအထိ ပြည်သူလူထုများအသိပညာရရှိရေးအတွက် လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ အသိပညာပေး Billboard များစိုက်ထူခြင်း၊ ကားဂိတ်၊ ရေဆိပ်၊ လေဆိပ်၊ ဘူတာရုံစသည့် လူစည်ကားရာနေရာများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စတေကာများကပ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးမှုနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင်လည်း ပြည်ပသို့ထွက်ခွာမည့်သူများအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ တိုက်ရိုက်ဆက်သွယ်အကူအညီ တောင်းခံနိုင်သည့် Whats App၊ QR Code ၊ Viber QR Code များ ပေးအပ်ကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးခံရနိုင်ခြေအန္တရာယ် အများဆုံးရှိနိုင်သော လူမှုအသိုင်းအဝိုင်းများဖြစ်သည့် အခြေခံလူတန်းစားများ၊ လက်လုပ်လက်စားများ၊ လမ်းပေါ်နေထိုင်သူများ၊ လမ်းပျောက်များ၊ ဆယ်ကျော်သက် ကျား/မ လူငယ်လူရွယ်များကို ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးမှု ကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ/လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် ပြစ်ဒဏ်ချမှတ်မှု ၆၄ မှုတွင် ထောင်ဒဏ်တစ်သက် ငါးဦး၊ ထောင်ဒဏ် ၄၀ နှစ် နှစ်ဦး၊ ထောင်ဒဏ် ၂၅ နှစ် တစ်ဦး၊ ထောင်ဒဏ် ၂၀ နှစ် ၂၀ ဦး၊ ထောင်ဒဏ် ၁၅ နှစ်နှင့်အောက် ၈၃ ဦးတို့အား ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို တရားမဝင်ရွှေ့ပြောင်း သွားရောက်အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးခံရနိုင်ခြင်း၊ အဓမ္မခိုင်းစေခံရနိုင်ခြင်း၊ အလုပ်သမားအခွင့်အရေး အပြည့်အဝမရရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းတို့ ကြုံတွေ့နိုင်ကြောင်းနှင့် လူကုန်ကူးမှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ အသိပညာပေးမှုများ ဆောင်ရွက်ပြီး စိစစ်ကြပ်မတ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသားများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများသို့ ပို့ဆောင်ရန် မက်လုံးပေးစည်းရုံးပြောဆိုပြီး စုဆောင်းခြင်းများကိုလည်း တရားမဝင်ဆောင်ရွက်နေကြသည်ကို စိစစ်တွေ့ရှိရပါသည်။ ထိုသို့ တရားမဝင်ပို့ဆောင်သူများကို ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး နစ်နာသူများကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့မှု ၁၉၉ မှုရှိခဲ့ပြီး တရားခံ ကျား ၁၇၄ ဦး၊ မ ၂၀၉ ဦး စုစုပေါင်း ၃၈၃ ဦးအား အရေးယူနိုင်ခဲ့ပါသည်။


လူကုန်ကူးခံရသူများအတွက် အကောင်းဆုံးဝန်ဆောင်မှုများ ပေးရေးအတွက် စံလုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ် (၂၀၂၀)ကို ရေးဆွဲအတည်ပြုပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအထိ စံလုပ်ငန်းစဉ်ပါ လုပ်ငန်းများကိုသိရှိပြီး အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

လူကုန်ကူးခံရသူများ၏ လူမှုဘဝရပ်တည်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးထောက်ပံ့မှုပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ မိဘရပ်ထံပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းနှင့် ကျွမ်းကျင်မှုသင်တန်းများပေးခြင်းတို့ကို လူကုန်ကူးခံရသူတစ်ဦးချင်းအတွက် သင့်လျော်သောဝန်ဆောင်မှုအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူကုန်ကူးခံရသူများအတွက် တရားရုံးရင်ဆိုင်နေစဉ်ကာလအတွင်း ခရီးစရိတ်၊ အစားအစာနှင့် ရိက္ခာ၊ ဆေးကုသစရိတ်၊ ဘဝရပ်တည်နိုင်ရေး နောက်ဆက်တွဲကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် လူကုန်ကူးခံရသူများကို လိုအပ်သည့်ပံ့ပိုးကူညီမှုများ၊ ညွှန်ပို့ကူညီမှုများ၊ နောက်ဆက်တွဲစောင့်ရှောက်မှုများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လူသားတို့၏ အရင်းအမြစ်ဖြစ်သည့် ကလေးသူငယ်များကို ပြုစုပျိုးထောင်ခြင်း၊ အသက်အရွယ်နှင့် လျော်ညီစွာ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားခြင်း၊ ခွဲခြားဆက်ဆံမှု မပြုခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှု မရှိစေရေးတို့အတွက် ကာကွယ်စောင့်ရှောက်ပေးခြင်းများသည် အဓိကကျသော ကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ၂၀၂၄ ခုနှစ်၊ (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား"** ဆိုသည့်အတိုင်း လူကုန်ကူးခံရသူများအထူးသဖြင့် လူကုန်ကူးခံရသူအမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံစိတ်ချမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်ခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှု မရှိစေရေး ကာကွယ်စောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် တိုးမြှင့်ဆောင်ရွက်သွားကြခြင်းဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များ လူကုန်ကူးခံရမှုအန္တရာယ်မှ တားဆီးကာကွယ်နိုင်မည်ဟု ယုံကြည်မိပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်၏ ၁၂-၉-၂၀၂၄ မှ ၁၅-၉-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



✪ အထူးမိုးလေဝသမှ

ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့ကို ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါလေပွေလှိုင်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ယနေ့နံနက်မှ စက်တင်ဘာ ၁၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြိုးနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြိုးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် ဖြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၂

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)





စေတနာရှင်ပြည်သူများက ရေဘေးသင့်ပြည်သူများအား အဝတ်အထည်များပေးလှူစဉ်။

တပေါင်ကွင်း ယာယီရေဘေးရှောင်စခန်း၌ ခိုလှုံလျက်ရှိသည့် ရေဘေးသင့်ပြည်သူများကို တွေ့ရစဉ်။

❍ ရှေ့ဖုံးမှ

အဆင့်ဆင့်ပြောင်းရွှေ့ နေရာချထားပေးလျက်ရှိသည်။

ကုသမှုများဆောင်ရွက်ပေး

သက်ဆိုင်ရာရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာကြသည့် ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သာမန်ထိရှဒဏ်ရာများ၊ နှာစေး၊ ချောင်းဆိုး၊ ဖျားနာရောဂါများကို ကုသပေးလျက်ရှိပြီး သာမန်ထိရှဒဏ်ရာများထက် ပိုမိုထိခိုက်သည့် လူနာများကို ဆေးရုံကြီးများသို့ပို့ဆောင်၍ ကုသမှုများဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် စေတနာရှင်ပြည်သူများ၊ တပ်မတော် မိသားစုဝင်များ၊ ဝန်ထမ်းများ၊ အသင်းအဖွဲ့များကလည်း ထမင်းဘူး၊ ရေသန့်၊ ခေါက်ဆွဲကြော်ဘူး၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ စောင်၊ ခြင်ထောင်နှင့် အသုံးအဆောင်ပစ္စည်းများကို ဖြန့်ခွဲလှူဒါန်းပေးလျက်ရှိသည်။

ရာဂိမုန်တိုင်း အရှိန်ကြောင့် နေပြည်တော် ကောင်စီနယ်မြေအတွင်း ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တို့တွင် ရေမြင့်တက်လျက်ရှိသည့်အတွက် ရေလွှမ်းမိုးခြင်း၊ မြစ်ကမ်းပါးနေရာအချို့၌ ကမ်းပါးပြိုကျခြင်း၊ လျှပ်စစ်မီးတိုင်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်း၊ လမ်းများ၊ တံတားများ ပြိုကျပျက်စီးခြင်း၊ မြေကျွံခြင်း၊ လူနေအိမ်များပျက်စီးခြင်း စသည်တို့ ဖြစ်ပွားခဲ့သည့်အပြင် ရေကြီးရေလျှံမှု ဖြစ်ပွားသော မြို့ရွာများတွင် လျှပ်စစ်မီးများ ပြတ်တောက်ပြီး အခြေခံပညာစာသင်ကျောင်းများကို လည်း ခေတ္တပိတ်ထားရသည်။

စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဓမ္မာသီရိမြို့နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရအောင်းချောင်း၊ ပလွေးချောင်းနှင့် ငလိုက်ချောင်းတို့မှ ရေများမြင့်တက်လျက်ရှိသော်လည်း ရပ်ကွက်၊ ကျေးရွာများတွင် ရေဝင်ရောက်မှုမရှိဘဲ ဥတ္တရသီရိမြို့နယ်ရှိ တံခွန်တိုင်ချောင်း၊ တောင်ညိုချောင်း၊ ငလိုက်ချောင်းတို့တွင် ချောင်းဘေးရှိ အချို့သော အိမ်ထောင်စုများတွင် ရေအနည်းငယ် ဝင်ရောက်လျက်ရှိသော်လည်း စိုးရိမ်ရသည့် အခြေအနေမရှိကြောင်း၊ အဆိုပါ ချောင်းဘေး တစ်လျှောက်တွင် နေထိုင်လျက်ရှိသည့် လူနေအိမ်များမှ အိမ်ထောင်စုများကို အရေးပေါ် ရွှေ့ပြောင်းထားရှိနိုင်ရေး ယာယီရေဘေးရှောင်စခန်း ၁၆ ခုကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကူညီကယ်ဆယ်နေရာချထား

နေပြည်တော်ကောင်စီနယ်မြေအတွင်း လတ်တလောတွင် ရေဘေးသင့်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ စုမှ ရေဘေးသင့်ပြည်သူများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်း ၃၅ ခု၌ ကူညီကယ်ဆယ်နေရာချထားပြီး ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မင်္ဂလာဗျူဟာ ယာယီရေဘေးရှောင်စခန်း၌ ရေဘေးသင့်ပြည်သူများအား ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

တာချီလိတ်မြို့၌ ရေများပြန်လည်ကျဆင်းလျက်ရှိ၊ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေး ဆက်လက်ဆောင်ရွက်ပေး



တာချီလိတ် စက်တင်ဘာ ၁၂

တာချီလိတ်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး မယ်ဆိုင်ချောင်း၊ နမ့်ယွန်းချောင်းနှင့် မယ်ခေါင်ချောင်းတို့တွင် ရေကြီးရေလျှံမှုများကြောင့် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခန့်မှစ၍ မြို့ပေါ်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရေများပြန်လည်ကျဆင်းလာလျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခြင်းနှင့် ရေကျဆင်းသွားသည့်နေရာများမှ ရွံ့ညွန်နှင့် အမှိုက်သရိုက်များကို စတင်ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ရေကျဆင်းသွားသည့် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၁)နှင့် ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ ရွံ့ညွန်နှင့် အမှိုက်သရိုက်များကို မြို့နယ်စည်ပင်သာယာရေးဌာနက စက်ယန္တရားနှင့် လူအင်အားဖြင့်လည်းကောင်း၊ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ရေကျဆင်းသွားသည့် ရပ်ကွက်များတွင် ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်းကောင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို နယ်မြေခံတပ်နယ်မှ ယာယီဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှုအားပေးပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးနှင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေဆဲရပ်ကွက်များမှ ဒေသခံပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းဇော်(ပြန်/ဆက်)**

စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးဆီသို့

ဒေါက်တာမောင်သင်း

“တို့စာ”
လူဖြစ်ပါလျက်
စာမတတ်သူ၊ မောင်မင်းမူက
လူမပီသ၊ ဂုဏ်နိမ့်ကျ၏
လူလိုသိ၍၊ လူ၏ဂုဏ်ရောင်
ထွန်းလင်းပြောင်ဖို့
အမှောင်ကိုခွာ
ကျောင်းတော်သာတွင်
ပညာသင်ကြ၊ စာဖတ်ကြ။

တင်မိုး

လူနှင့် တိရစ္ဆာန်တို့၏ အဓိကကွာခြားချက်မှာ တိရစ္ဆာန်လောကတွင် ဆရာကြီးတင်မိုး ရေးဖွဲ့သလို **“တို့စာ”** ဟု ညွှန်းရလောက်အောင် “စာပေ”ဟူသည်မရှိပေ။ စာပေမရှိ၍ စာလည်းမဖတ်တတ်ကြပေ။ လူသားမှန်လျှင် စာပေများရှိသဖြင့် စာပေတစ်မျိုးမျိုးကို ဖတ်တတ်ကြသည်။ လူဖြစ်ပြီး စာမဖတ်တတ်လျှင် လူ၏ ရုပ်သဏ္ဌာန်သာရှိပြီး တိရစ္ဆာန်အသိဉာဏ်လောက်သာပိုင်ဆိုင်သည့် လူသားဖြစ်သွားပေလိမ့်မည်။

စာမတတ်၊ ပေမတတ် တိရစ္ဆာန်လိုလူသားများလာလျှင် လူ့အဖွဲ့အစည်းတွင် အမှားနှင့် အမှန်၊ ဓမ္မနှင့် အဓမ္မ၊ တရားမှုနှင့် မတရားမှု၊ တိုင်းကျိုးပြည်ပြုလား၊ တိုင်းဖျက်ပြည်ဆူလား ခွဲခြားနိုင်မှုလွန်စွာအားနည်းသွားနိုင်ပြီး ပြောသမျှယုံ၊ မှိုင်းတိုက်သမျှအဟုတ်ထင်၍ “စာပေနှင့်မိဒီယာ အဆိပ်သင့်ဒဏ်” ခံကြရ၏။ ဤသည်ကို ဆရာကြီးက “လူလိုသိ၍ လူ၏ ဂုဏ်ရောင်ထွန်းလင်းပြောင်ဖို့ အမှောင်ကိုခွာ၊ ကျောင်းတော်သာတွင်၊ ပညာသင်ကြ၊ စာဖတ်ကြ” ဖွဲ့ဆိုခဲ့ခြင်းဟု မြင်မိပါသည်။

စာသင်ရုံ၊ စာဖတ်တတ်ရုံအဆင့်တွင်၌သာ ရပ်ထား၍မရပေ။ စာဖတ်ခြင်းအလုပ်ကိုလည်း လူသား၏ ဘဝတစ်သက်တာ ဆက်လက်လုပ်ဆောင်ရမည့်အလုပ်ဟု တိုက်တွန်းထားပေသည်။ ဤသည်မှာ ကိုယ့်ကိုယ်ကိုယ် တိုးတက်ရန် အမြဲဖြည့်ဆည်းနေခြင်း (သို့) ဖြည့်ဆည်းသက်ဖြင့် အသက်ရှင်နိုင်အောင်ကြိုးစားနေသူသည် လူသားပီသသူပါ။ “စာဖတ်ခြင်း”ဖြင့် “မိမိကိုယ်ကို ဖြည့်ဆည်းခြင်း” ကိုလုပ်ဆောင်နေခြင်းသည် လူသားလောက၏ ဖွံ့ဖြိုးမှု၊ တိုးတက်မှုနှုန်းအရှိန်ကိုမြှင့်တင်ပေးလိုက်သဖြင့် အလျင်အမြန်တိုးတက်စေ၏။ စာဖတ်၍ မိမိကိုယ်ကိုယ် ဖြည့်ဆည်းခြင်း၏ ရလဒ်ဖြစ်ပေသည်။ စာတတ်ခြင်း၊ စာဖတ်တတ်ခြင်းသည် လူသား၏ ထူးခြားသည့်ဂုဏ်အင်္ဂါဖြစ်ပါ၍ လူသားအားလုံး စာဖတ်တတ်ရန် ဝိုင်းဝန်းလှုံ့ဆော်ကြသည်။

ပိုသာသော နောက်မျိုးဆက်များမို့ ဦးညွှတ်ရခြင်းပါ

ကျွန်တော်သည် “ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး” လှုပ်ရှားမှုအဖြစ် မိတ္ထီလာတွင် အခြေခံပညာကျောင်းသား ကျောင်းသူများနှင့် ဆွေးနွေးခဲ့သည်ကို ပြန်လည်ဖောက်သည်ချလိုပါသည်။ ဆွေးနွေးပွဲစလျှင် ကျွန်တော်က ပရိသတ်ကို သုံးနေရာခွဲ၍ ဦးညွှတ်ပါသည်။ ပြီးနောက် ကျွန်တော်က ဘာကြောင့် ဦးညွှတ်ရသည်ကို ရှင်းပြပါသည်။ ပုံမှန်အားဖြင့် တစ်ကြိမ်သာ ဦးညွှတ်လေ့ရှိပါသည်။

ဦးညွှတ်ရသည့်သူများမှာ “ကိုယ့်ထက် အသက်အားဖြင့်၊ ဝါအားဖြင့်၊ ဂုဏ်အားဖြင့်၊ သီလအားဖြင့်၊ ပညာအားဖြင့်ကြီးသူများ” ကို လေးစားရိုသေခြင်းဖြစ်ပါသည်။ ကျန်သည့် နှစ်ကြိမ်ကရော ဘာကြောင့် ဦးညွှတ်သလဲဟု မေးသောအခါ “အနာဂတ်အတွက် အားထားရမည့် နောက်မျိုးဆက်များမို့ သူတို့ကို ဦးညွှတ်တာပါ”တဲ့။ မှန်လိုက်လေ၊ နောက်မျိုးဆက်ဆိုတာ အရင်မျိုးဆက်ထက် ပိုတော်လို့ပါ။ တော်လည်းတော်ကြသလို၊ တော်လည်းပိုတော်ကြဖို့ နောက်မျိုးဆက်မှာ တာဝန်ရှိပါတယ်။ လူသားရဲ့နောက်မျိုးဆက်က ပိုတော်ခဲ့လို့သာ လူသားမျိုးနွယ်တွေ တစ်ဆက်ပြီးတစ်ဆက် တိုးတက်ခဲ့တာပါ။ ကိုယ့်ထက်သာသည့် နောက်မျိုးဆက်ဖြစ်၍ ဦးညွှတ်အလေးပြုရခြင်းပါ။ ဘာကြောင့် နောက်မျိုးဆက်က ပိုတော်ရပါသလဲဆိုတာကို မမေးဖြစ်ခဲ့ပါ။ “ဖြည့်ဆည်းသက်” များမှကြောင့်ပါ။





ပညာရှိမျိုးဆက်များဖြစ်၍ ဦးညွှတ်ရခြင်းပါ

တတိယအကြိမ် ဦးညွှတ်ခြင်းကရောဟု မေးရာ မဖြေကြပေ။ ဒါနဲ့ ကျွန်တော်က “မြန်မာ့သမိုင်းမှာ ပညာရှိအမတ်တွေ များစွာပေါ်ခဲ့ဖူးတယ်။အဲဒီထဲကမှ မင်းလေးပါးအကိုးကွယ်ခံ အမတ်ကြီးတစ်ဦးရှိခဲ့ဖူးတယ်။ ဘယ်သူလို့ထင်သလဲဟုမေးသော်လည်း မဖြေကြပေ။ ကျွန်တော်က မောင်တို့မယ်တို့ရဲ့အမျိုးဆိုမှ “ဝန်ဇင်းမင်းရာဇာ”တဲ့။ မင်းလေးပါးကိုးကွယ်ခံ ပညာရှိကြီး၏ မျိုးဆက်သစ်များမို့ “ဘုရားသား၊ ဘုရင့်သား၊ မြွေသားပေါက်အား သေးငယ်သည်ဟု မလေးမစား မပြုအပ်ဆိုထားတာမို့” ယခုပွဲသို့ ရောက်လာကြသည့် မျိုးဆက်သစ်များအနက် တစ်မူထူးသည့် စာပေလေ့လာလိုက်စားသူ၊ စာဖတ်သူ၏ “ပညာရှိမျိုးဆက်များ” ဖြစ်၍ ဦးညွှတ်ဂုဏ်ပြုရခြင်းဖြစ်ပါသည်။

စာဖတ်သည့်အကျင့်ကောင်းကြောင့် ပညာရှိအမတ်ကြီးဘဝရောက်ရတာ

မောင်တို့မယ်တို့ခင်ဗျာ၊ မောင်ညိုတို့ရွာလေးနဲ့ သူ့ဘဝအစကို ပြန်ပြောင်းကြည့်ရအောင်။ သူ့ရွာလေးမှာ အာဏာအရှိဆုံးက သူ့ယောကျ္ဍမသူကြီး၊ ရွာမှာအချမ်းသာဆုံးက တောသူဌေး၊ တစ်ရွာလုံးက ကုန်သွယ်၊ လယ်လုပ်၊ ဓားမခုတ်ဘဝဖြင့် လုပ်ကိုင်စားသောက်နေကျပါ။ မောင်ညိုကိုယ်တိုင်လည်း လယ်သမားပါ။ သူ့မှာ တစ်ပါးသူတွေထက် ထူးခြားတာရှိတယ်။ အားတဲ့အချိန်မှာ မောင်ညို ဘာလုပ်သလဲဟုမေးရာ “စာဖတ်ပါတယ်”တဲ့။ ဟုတ်ပါသည်၊ စာပေလေ့လာမှတ်သားခြင်း၊ စာဖတ်ခြင်းပါ၊ လေ့လာမှတ်သားထားသမျှ စာတို့၊ ပေတိုများကို ခေါင်းမိုးမှာထိုးထားသဖြင့် “စာတိုညို” ဟု တစ်ရွာလုံးက ခေါ်တွင်ခဲ့ကြသည်။

အချိန်တန်၍ မိတ္ထီလာကန်ပေါင်ပေါ်ရှိ “နတ်ကွန်း” အကြောင်း ဘုရင်က မေးမြန်းရာမှ နတ်ကွန်းမဟုတ်ကြောင်း၊ အရှင့်ဘိုးဘေး ဘုရင်တစ်ပါး၏ မိဖုရားသည် ဤနေရာတွင် ကံတော်ကုန်သဖြင့် အမှတ်တရရွှေရုပ်တုလုပ်၍ ထားခဲ့ကြောင်း၊ တူးဖော်ပါက သိနိုင်ကြောင်း လျှောက်ထားသည်ကို တူးဖော်ကြည့်ရာ “မိဖုရားရုပ်တု”ကို တွေ့ရသဖြင့် ဘုရင်က နန်းတော်သို့ ပညာရှိအဖြစ်ခေါ်ဆောင်သွားရာမှ “မင်းလေးဆက် အကိုးကွယ်ခံ ပညာရှိအမတ်”အဖြစ် သမိုင်းမှာ ပေါ်ထွန်းလာခဲ့ပါသည်။

အကယ်၍ မောင်ညိုသည် တစ်ရွာလုံးမှာ အာဏာအရှိဆုံးဖြစ်သည့် သူ့ယောကျ္ဍမ၏ သူကြီးအလုပ်ကိုသာ ဝါသနာပါခဲ့လျှင် ဒါမှမဟုတ် ရွာမှာအချမ်းသာဆုံးဖြစ်သော တောသူဌေးလောက်သာ ရည်မှန်းပြီး ပိုက်ဆံလောက်သာရှာခဲ့လျှင် “မင်းလေးဆက် ကိုးကွယ်ခံပညာရှိ အမတ်ကြီး ဝန်ဇင်းမင်းရာဇာ”ဆိုတာ မြန်မာ့သမိုင်းမှာ ရှိခဲ့မှာမဟုတ်ပါ။

သူဝါသနာပါတာက “စာဖတ်တာ၊ ကိုယ့်အရည်အချင်းကို အမြဲဖြည့်ဆည်းတာပါ” အဲဒီအခါမှာ ရွာက သူ့ယောကျ္ဍမ အိပ်မက်တောင် မမက်နိုင်သည့် အမတ်ကြီး၏ အာဏာ၊ ရွာက တောသူဌေးများ ဘယ်လိုမျှလိုက်မမီသည့် ရွှေနန်းတော်ကအမတ်ကြီး၏ စည်းစိမ်ကို ခံစားခဲ့ရသည်။ နိမ့်ကျသောပတ်ဝန်းကျင်မှ **“စာဖတ်ခြင်း”**၊ **“ကိုယ့်ကိုယ်ကိုယ် ပညာအမြဲ ဖြည့်ဆည်းခြင်း”** ဖြင့် ရုန်းထွက်နိုင်ခဲ့၍သာ ရွှေနန်းတော်တွင် ဘုရင်လေးဆက် အကိုးကွယ်ခံဘဝဖြင့် ပျော်စံနိုင်ခဲ့ရခြင်းဖြစ်ပါသည်။

ဖြည့်ဆည်းသက်ဖြင့် အသက်ရှင်နိုင်မှလူပီသမှာ

ကျောင်းသားလူငယ်များနှင့်တွေ့တိုင်း လူနှင့် တိရစ္ဆာန် ဘာကွာသလဲလို့ မေးကြည့်သည့်အခါ “အသိဉာဏ်ကွာတယ်” ဟုသာ ဖြေကြသည်၊ ယခုပွဲမှာလည်း အဆိုပါအဖြေမျိုးကိုသာ ရကြသည်၊ သမားရိုးကျအဖြေပါ။ ခေတ်တွေ၊ အမြင်တွေ၊ အတွေးအခေါ်တွေပြောင်းသော်လည်း “သင်ပြောင်းမမြင်လျှင်၊ ပြောင်းမတွေးတတ်သေးလျှင်၊ သင်လည်းမပြောင်းလဲနိုင်သေးပါ။ ထို့အတူ လူ့အဖွဲ့အစည်းလည်း မပြောင်းလဲနိုင်ပါ။

ဥပမာ– ခွေးလည်း အသိဉာဏ်ရှိ၏၊ သခင်ကို မကိုက်၊ မဟောင်ပါ၊ ထို့အတူ သိနေသောလူကိုလည်း မဟောင်ပါ။ ထို့အတူ လေ့ကျင့်ပေးထားသောခွေးများသည် မိုင်းရှိ၊ မရှိသိ၏။ မူးယစ်ဆေးဝါးဟုတ်၊ မဟုတ်ရှာတတ်၏။ တိရစ္ဆာန်မိဘများက အစာရှာရန်၊ အန္တရာယ်ရှောင်ကွင်းရန်၊ သားသမီးများကို စောင့်ရှောက်ရန်သာ သင်ပေး၏။ သူတို့၏ တစ်ဘဝစာအသိနှင့် အတွေ့အကြုံလောက်ကိုသာ သူတို့၏ နောက်မျိုးဆက်တစ်ဆက်လောက်ကိုသင်ပေး၏၊ တစ်ဘဝစာ အသိထက်မပိုပေ။

လူသားမှာကား ထိုသို့မဟုတ်ချေ၊ မိမိ၏ အသိဉာဏ်ကို သူတို့တစ်ဘဝစာလောက်သာ အသုံးချရန်မဟုတ်ပေ။ လူသားနောက်မျိုးဆက်များအတွက် မှတ်တမ်းထားခဲ့၏၊ သူတို့၏ဘဝအတွေ့အကြုံမှ သိသမျှ၊ မှတ်သားသမျှကို နောက်မျိုးဆက်များအား ဆောင်ရန်၊ ရှောင်ရန်၊ ဓမ္မနှင့် အဓမ္မခွဲခြားတတ်ရန် လူ့အဖွဲ့အစည်းအကျိုးပြုမှုနှင့် ဖျက်ဆီးမှုဆိုတာ ဆုံးဖြတ်တတ်ရန် တိုင်းကျိုးပြည်ပြုလား၊ တိုင်းဖျက်ပြည်ဆူလား မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိရန် မှတ်တမ်းထားခဲ့၏။ ဤသည်ကို “စာပေ”ဟုခေါ်သည်။ နောက်မျိုးဆက်များက “ထိုမှတ်တမ်းကို ဖော်ထုတ်နိုင်စွမ်းရှိ၏” အဘယ်ကြောင့်ဆိုသော် စာဖတ်တတ်၍၊ စာဖတ်နိုင်စွမ်းရှိသောကြောင့်ဖြစ်သည်။ ထိုအခါ ဘိုးဘွားဘီဘင်တို့ ထံမှ၊ ထို့အတူ မိမိနှင့်ခေတ်ပြိုင်များထံမှ သူတို့၏ အတွေ့အကြုံ၊ အောင်မြင်မှု၊ ကျရှုံးမှု၊ ဆောင်ရန်၊ ရှောင်ရန်တို့ကို မိမိကိုယ်တိုင်မကြုံတွေ့လိုက်ရဘဲ စာပေမှတစ်ဆင့် သိခွင့်၊ နားလည်ခွင့်၊ အသုံးချခွင့်ရခဲ့သည်။

ထိုအခါ မိမိက သူတစ်ပါး၏ အတွေ့အကြုံကိုယူ၍ မိမိတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်း၏ အောင်မြင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အသုံးချ၏။ လူ့ဘောင်လူ့အဖွဲ့အစည်းသည် ရာစု၊ ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အခြားသက်ရှိလောက၊ တိရစ္ဆာန်လောကသည် ထောင်စု၊ သောင်းစုနှစ်များတိုင်အောင် မထူးခြားခဲ့ပေ။ အဓိကကွာခြားချက်မှာ လူတွင်စာပေရှိ၏၊ စာရေးတတ်၊ စာဖတ်တတ်၍မှတ်တမ်းထားနိုင်ခြင်း၏ အကျိုးကျေးဇူးပင်ဖြစ်၏။

စာမျက်နှာ ၇ သို့ ☆

“ စာမတတ်၊ ပေမတတ် တိရစ္ဆာန်လိုလူသားများလာလျှင် လူ့အဖွဲ့အစည်းတွင် အမှားနှင့် အမှန်၊ ဓမ္မနှင့်အဓမ္မ၊ တရားမှုနှင့် မတရားမှု၊ တိုင်းကျိုးပြည်ပြုလား၊ တိုင်းဖျက်ပြည်ဆူလား ခွဲခြားနိုင်မှု လွန်စွာအားနည်းသွားနိုင်ပြီး ပြောသမျှယုံ၊ မှိုင်းတိုက်သမျှအဟုတ်ထင်၍ “စာပေနှင့်မိဒီယာ အဆိပ်သင့်ဒဏ်” ခံကြရ၏။။ ဤသည်ကို ဆရာကြီးက “လူလိုသိ၍ လူ၏ဂုဏ်ရောင် ထွန်းလင်းပြောင်ဖို့ အမှောင်ကိုခွာ၊ ကျောင်းတော်သာတွင်၊ ပညာသင်ကြ၊ စာဖတ်ကြ” ဖွဲ့ဆိုခဲ့ခြင်းဟု မြင်မိပါသည်။

စာသင်ရုံ၊ စာဖတ်တတ်ရုံအဆင့်တွင်၌သာ ရပ်ထား၍မရပေ။ စာဖတ်ခြင်းအလုပ်ကိုလည်း လူသား၏ ဘဝတစ်သက်တာ ဆက်လက်လုပ်ဆောင်ရမည့်အလုပ်ဟု တိုက်တွန်းထား ”

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ BRICS Media Summit တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် BRICS Media Summit သို့ တက်ရောက်ရန် ယနေ့ည နေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါ BRICS အဖွဲ့အစည်းအမည်ကို ဘရာဇီး၊ ရုရှား၊အိန္ဒိယ၊တရုတ်နှင့် တောင်အာဖရိကနိုင်ငံများ၏ ထိပ်စီးစာလုံးများဖြင့် ပေါင်းစပ်၍ ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့အရှင်းချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့အစည်းဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် အီရန်၊ အီဂျစ်၊ အီသီယိုပီးယား နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတို့ ထပ်မံပါဝင်ခဲ့သဖြင့် အဖွဲ့ဝင် ကိုးနိုင်ငံရှိလာသည့်အပြင် ဆော်ဒီအာရေဗျနိုင်ငံမှာ ဖွဲ့စည်းမှုတွင် ပါဝင်ခြင်းမရှိသေးသော်လည်း ပူးပေါင်းလှုပ်ရှားလျက်ရှိသည်။

BRICS ထိပ်သီးအစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်အိမ်ရှင်အလှည့်ကျစနစ်ဖြင့် ကျင်းပလျက်ရှိရာ ယခုနှစ်အောက်တိုဘာလတွင် ရုရှားနိုင်ငံ ကဇန်ဒေသ၌ (၁၆) ကြိမ်မြောက် BRICS ထိပ်သီးညီလာခံကို လက်ရှိအဖွဲ့အစည်းဥက္ကဋ္ဌ ရုရှား သမ္မတ ဗလာဒီမာပူတင် ဦးဆောင်၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

BRICS အဖွဲ့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ အသားပေးလုပ်ဆောင်ရန် ရည်ရွယ်၍ မူလက ဖွဲ့စည်းခဲ့ခြင်းဖြစ်သော်လည်း နှစ်စဉ်ကျင်းပခဲ့သည့် ညီလာခံများ၌ နိုင်ငံစုံမူဝါဒများ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ပထဝီဝင်နိုင်ငံရေးအုပ်စုအဖြစ် ပြောင်းလဲလာပြီး ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လုပ်ဆောင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ BRICS မီဒီယာထိပ်သီးအစည်းအဝေးများကို BRICS နိုင်ငံများအကြား သတင်းအချက်အလက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နည်းပညာကဏ္ဍမြှင့်တင်နိုင်ရေးကဏ္ဍစုံမှ ကျွမ်းကျင်သူများဖြင့် နှစ်စဉ်ဆွေးနွေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အစည်းအဝေးကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ World Trade Center တွင် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ရုရှားသတင်းအေဂျင်စီ (TASS)မှ တာဝန်ခံ ကျင်းပမည်ဖြစ်သည်။

ယင်းအစည်းအဝေးသို့ BRICS အဖွဲ့ဝင်နိုင်ငံများမှ ထိပ်တန်းမီဒီယာအဖွဲ့အစည်းများမှ အကြီးအကဲများအပြင် BRICS နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန် စိတ်ဝင်စားသည့်နိုင်ငံများမှ မီဒီယာများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ညွှန်ကြားရေးမှူး ချုပ် ဦးရဲနိုင်၊ ဦးသက်ဆွေနှင့် ညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်တို့ လိုက်ပါသွားကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ရှိ အားကစားကွင်း၊ ရုံများနှင့် အိပ်ဆောင်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းအတွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) သို့ ရောက်ရှိပြီး Synthetic ပြေးလမ်းပါဘောလုံးကွင်းနှင့် ဝူရှူးအားကစားလေ့ကျင့်ရေးရုံ ကြမ်းခင်းပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဘဏ္ဍာရေးနှစ်မကုန်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။



အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ရှိဝူရှူးအားကစားရုံကြမ်းခင်းများမှာ နှစ်ကာလကြာမြင့်မှုကြောင့် ပျက်စီးလျက်ရှိ၍ ၂၀၂၄-၂၀၂၅ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၀၁ သန်းဖြင့် နှစ်ထပ်ပျဉ်းကတိုး လျှာထိုးကြမ်းခင်း အဖြစ် ပြုပြင်သွားမည်ဖြစ်ပြီး ပြုပြင်ပြီးစီးပါက ဝူရှူးဆန်းဆိုနှင့် ဝူရှူးထောက်လှုအားကစားနည်းနှစ်မျိုးလုံးမှ သင်တန်းသား သင်တန်းသူများကို လေ့ကျင့်ပေးနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ B.Sc (Sports) သင်တန်းသား သင်တန်းသူ အိပ်ဆောင်များကိုလည်း ကောင်း၊ ထမင်းစားဆောင်နှင့် ထမင်းချက်ဆောင်တို့ကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ တက္ကသိုလ်ကျောင်းသားအဆင့်နှင့်အညီ ဖြစ်စေရေးအတွက် လိုအပ်သည်များကို ပြုပြင်ပေးနိုင်ရေး မှာကြားပြီး ကျောင်းသား ကျောင်းသူများကို တွေ့ဆုံနှုတ်ဆက်၍ အားကစားကဏ္ဍ တိုးတက်လာရေးအတွက် အားထားရမည့် အားကစားပညာရှင်များဖြစ်အောင် ကြိုးစားကြရန်၊ တတ်မြောက်ထားသည့် ပညာဖြင့် အားကစားတိုးတက် မြင့်မားရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနသည် အားကစားသိပ္ပံပညာ နားလည်တတ်ကျွမ်းသည့် အားကစားပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ရန်ကုန်မြို့ရှိ ဒဂုံတက္ကသိုလ်နှင့် မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်တို့တွင် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ B.Sc(Sports) ဘာသာရပ်ကို လက်ခံ သင်ကြားပေးလျက်ရှိပြီး သတ်မှတ် အရည်အချင်းနှင့် ကိုက်ညီသော တက္ကသိုလ်ဝင်တန်းအောင်မြင်သူများကို စိစစ်လက်ခံ၍ နိုင်ငံတော်၏စရိတ်ကျခံမှုဖြင့် လက်ခံသင်ကြားပေးလျက်ရှိသည့်အပြင် လာမည့်ပညာသင်နှစ်တွင် NayPyiTaw State Academy ၌ တိုးချဲ့လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၆ မှ

“အချိန်သက်”တွေ (စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်လ၊ နှစ်) မြင့်လာသည်နှင့်အပြိုင် လူတွင် “ဖြည့်ဆည်းသက်” များလည်း ရင့်လာရမည်။ ဖြည့်ဆည်းသက်များလာလျှင် “ရင့်ကျက်သက်” ဖြင့် အသက်ရှင်သည့် လူသားဘဝရောက်လာတော့သည်။ ဖြည့်ဆည်းသက်များများနှင့် မြန်မြန်ရနိုင်သည့်နည်းလမ်းမှာ “စာဖတ်ခြင်း” (သို့) “သူတစ်ပါး၏ အတွေ့အကြုံမှတ်တမ်းကို ဖော်ထုတ်နိုင်စွမ်းမြင့်မားလာခြင်း”ပင် ဖြစ်သည်။ လူမှာသာစာပေရှိ၍ စာရေးတတ်ပြီး မှတ်တမ်းထားနိုင်ကာ မှတ်တမ်းကို ဖော်ထုတ်နိုင်သည့် “စာဖတ်နိုင်သည့် စွမ်းရည်” ရှိမှုကြောင့် တိရစ္ဆာန်လောကတွင် မရှိသည့် ဖြည့်ဆည်းသက်ရှိလာသည်။ ဖြည့်ဆည်းသက်များလာသောအခါ “ရင့်ကျက်သက်”ဖြင့် အသက်ရှင်နေသည့် သက်ရှိဖြစ်လာသည်။

ဤအရည်အချင်းကို ပိုင်ဆိုင်၍သာ အခြားသောသက်ရှိလောကကို လွှမ်းမိုးလာနိုင်သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် “လူကြီးပြီး အချိန်မစီးသူ” ဟူသည့်ဆိုစကားသည် “ဖြည့်ဆည်းသက်မရှိသူ” (သို့) “စာမတတ်သူ စာမဖတ်ကြသူ” များသာဖြစ်ပေသည်။ ဘယ်နွား၊ ဘယ်ကြောင်၊ ဘယ်ခွေးလောကတွင်မှ စာပေမရှိ၊ စာမရေးတတ်၊ စာမဖတ်ကြပေ။ သို့ဖြစ်၍ လူဖြစ်ပြီး စာမဖတ်၊ ပေမဖတ်ဘဝသည် ရင့်ကျက်သက်ကင်းသော ဖြည့်ဆည်းသက်မရှိသည့် “တိရစ္ဆာန်သက်”တစ်မျိုးတည်းဖြင့် အသက်ရှင်နေသူဖြစ်ပေသည်။ စာဖတ်သည့် “မောင်ညို”၏မျိုးဆက်သည် ထီလာမြို့သားများမို့ ထီလာသားများသည်လည်း ဖြည့်ဆည်းသက်ဖြင့်အသက်ရှင်နေသူ တစ်နည်းအားဖြင့် စာဖတ်သည့်မျိုးဆက်မို့ လူသားပီသသည့်မျိုးဆက်များဖြစ်ပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

မိုးစပါး၊ ဝါသီးနှံနှင့် မိုးသီးနှံများ ရာသီချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး နှိုးဆော်

လက်ရှိဖြစ်ပေါ်နေသော လေပွေလှိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မိုးစပါး၊ ဝါသီးနှံနှင့် မိုးသီးနှံများ ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးနိုင်ပါသည်။

မိုးစပါးနှင့်မိုးနောင်းချည်မျှင်ရှည်ဝါသီးနှံ ပြန်လည်စိုက်ပျိုးနိုင်ရန် ရာသီအချိန် ကျန်ရှိနေပါသေးသည်။ မိုးစပါးပြန်လည်စိုက်ပျိုးရာတွင် သက်တမ်းတိုမျိုးများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက်လည်းကောင်း၊ မိုးနောင်းချည်မျှင်ရှည်ဝါ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက်လည်းကောင်း တောင်သူလယ်သမားများအနေဖြင့် အချိန်မီစီမံစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် ဆွေးနွေးတိုင်ပင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် အရန်မျိုးများ စုဆောင်းထားရှိပြီး တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်း ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေကြီးရေလျှံမှုကြောင့် ဓာတ်အားလိုင်းများ ပြိုလဲပျက်စီးဖြစ်ပေါ်ခဲ့မှုအခြေအနေ ကွင်းဆင်းကြည့်ရှု





နေပြည်တော် စက်တင်ဘာ ၁၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်း သည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဖြတ်သန်းသွယ်တန်း တည်ဆောက်ထားသည့် ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်းရှိ တာဝါတိုင်အမှတ် (၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၄၊ ၃၀၅၊ ၃၀၅၅)နှင့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂) ဓာတ်အားလိုင်းရှိ တာဝါတိုင်အမှတ် (၁၂၊ ၁၃၊ ၁၄၊ ၁၅) တာဝါတိုင်များသည် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားခဲ့သဖြင့် ပြန်လည်ပြုပြင် ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ်အတွင်း ဓာတ်အားလိုင်းများ၊ တာဝါတိုင်များ ပြိုလဲပျက်စီးနေသည့်နေရာသို့ရောက်ရှိရာ တာဝန်ရှိသူများက မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ဓာတ်အားလိုင်းနှင့် တာဝါတိုင်များ ပြိုလဲပျက်စီးခဲ့မှု၊ ဓာတ်အား ပြန်လည်ပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည့်အစီအမံများနှင့် သတ်မှတ်ရက်အတွင်း ရာနှုန်းပြည့် ပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားပို့လွှတ်ရေး ဓာတ်အားလိုင်းကြိုးများ ပြိုလဲပျက်စီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အမြန်ဆုံး သုံးစွဲနိုင်ရေးအတွက် ဓာတ်အားပို့လွှတ်ရေး ဓာတ်အားလိုင်း၊ တာဝါတိုင်များ၊ မြို့တွင်း ဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားလိုင်းများတစ်လျှောက် အသေးစိတ် စစ်ဆေးပြီး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို အမြန်ဆုံးပြီးစီးနိုင်ရေး အင်တိုက်အားတိုက် တွန်းအားပေး ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများဆောင်ရွက်စဉ် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရုံးအမှတ်(၂၇) အစည်းအဝေးခန်းမ၌ ကျင်းပသည့် သဘာဝဘေးအန္တရာယ် ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားပို့လွှတ်ရေး ဓာတ်အားလိုင်းများ၊ တာဝါတိုင်များနှင့် မြို့တွင်း ဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးနှင့် ဓာတ်အားအမြန် ပို့လွှတ်ဖြန့်ဖြူး ပေးနိုင်ရေးတို့နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် ပြီးစီးရမည့် အချိန်ဇယားများ ရေးဆွဲထားပြီး သတ်မှတ်ချိန်ပြီးနိုင်ရေး အဆင့်ဆင့် ကြပ်မတ်၍ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂) ဓာတ်အားလိုင်းတို့သည် လျှပ်စစ်ဓာတ်အား ၁၂၀ မဂ္ဂါဝပ်ခန့်ကို သယ်ယူပို့ဆောင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာဒေသများသို့ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ဓာတ်အားလိုင်း တာဝါတိုင် ကိုးတိုင်နှင့် မြို့တွင်းဓာတ်အား ဖြန့်ဖြူးရေး ဓာတ်အားလိုင်းများ ပြိုလဲပျက်စီးသွားခဲ့၍ အဆိုပါ ဒေသအချို့တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားအမြန် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့မှ အင်ဂျင်နီယာများဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၄၅၀ ဖြင့် အဖွဲ့(၇)ဖွဲ့ခွဲကာ ဓာတ်အားပို့လွှတ်ရေး ဓာတ်အားလိုင်းများ၊ တာဝါတိုင်များနှင့် မြို့တွင်း ဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင် တည်ဆောက်ခြင်း လုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေဘေးရှောင်စခန်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေဘေးရှောင် စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာခန်းမ ရေဘေးရှောင်စခန်း၊ သပြေတောင်ရေဘေးရှောင်စခန်းနှင့် ပုဗ္ဗသီရိမြို့နယ် မရှိခဏဘုရားတို့တွင် ကျန်းမာရေးဝန်ထမ်းများက ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို လှည့်လည် ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက ရေဘေးရှောင်စခန်းများတွင် ဆေးဝါးနှင့် ဆေးပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ပေးနိုင်ရေး၊ ၂၄ နာရီ အချိန်ပြည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ အစာအစားမီနှင့် အိမ်သာမှအထွက်တွင် စနစ်တကျ လက်ဆေးနိုင်ရေး၊ သန့်စင်သည့်ရေကို သောက်သုံးနိုင်ရေး၊ ရေသန့်စင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ အစားအစာများကို သန့်ရှင်းစွာနှင့်ပူပူနွေးနွေး စားသုံးနိုင်ရေး အဓိကများကို အဖုံးပါသည့်အမှိုက်ပုံးများတွင် စနစ်တကျစွန့်ပစ်နိုင်ရေး၊ ကူးစက်ရောဂါများ ကာကွယ်ရေးအတွက် ကျန်းမာရေး အသိပညာပေးရေးနှင့် ဆေးရုံသို့ လွှဲပြောင်းကုသရန် လိုအပ်သည့်လူနာများကို အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းကုသနိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှု ဖြစ်စဉ်များကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ရာ နေပြည်တော် ပြည်သူ့ကျန်းမာရေး၊ ကုသရေးဦးစီးဌာန အနေဖြင့် တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ဇမ္မူသီရိမြို့နယ်တို့ရှိ ရေဘေးရှောင်စခန်း ၃၅ ခုတွင် ဆရာဝန် ၂၁ ဦး၊ အခြေခံကျန်းမာရေးဝန်ထမ်း ၁၂၇ ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ရေပြန်လည်ကျဆင်းပြီးနောက်တွင် ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကဲ့သို့ ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရန် ရေတွင်းရေကန်များကို ရေဆိုးထုတ်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်းနှင့် ခြင်ကျားလောက်လမ်းများ နှိမ်နင်းရန်အတွက် အတိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နှီးနွယ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြဝတီမြို့တွင် သောင်ရင်းမြစ်ရေ မြင့်တက်မှုကြောင့် ပြည်သူ ၃၀၀၀ ကျော် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေး

မြဝတီ စက်တင်ဘာ ၁၂

ကရင်ပြည်နယ် မြဝတီမြို့တွင် မိုးများအဆက်မပြတ်ရွာသွန်းခဲ့ပြီး သောင်ရင်းမြစ်ရေလျှံတက်မှုကြောင့် စက်တင်ဘာ ၁၀ရက်မှ စတင်ကာ မြစ်ရေဝင်ရောက်လာခဲ့ပြီး မြေနိမ့်ပိုင်းရပ်ကွက်များနှင့် လူနေအိမ်များသို့ ရေစတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မြဝတီမြို့နယ်အနေဖြင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့၏ စိုးရိမ်ရေအမှတ် ၉၆၃ စင်တီမီတာသို့ ကျော်လွန်ကာရောက်ရှိနေပြီးဖြစ်၍ ပြည်သူများရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကော်မတီအဖွဲ့ဝင်များက ရေဘေးသင့်အိမ်ထောင်စု ၁၀၃၄ စု၊ အမျိုးသား ၁၉၂၉ ဦး၊ အမျိုးသမီး ၂၀၆၅ ဦး စုစုပေါင်း ၃၉၉၄ ဦးတို့ကို ယာယီကယ်ဆယ်ရေးစခန်းများဖြစ်သည့် ကိုးနဝင်းဘုန်းကြီးကျောင်း၊ ဓမ္မရံအောင်ဘုန်းကြီးကျောင်း၊ ဇေယျသိဒ္ဓိဓမ္မာရုံ၊ ရေပူတောင်ပေါ်ကျောင်း၊ တောရဘုန်းကြီးကျောင်း၊ မြို့ရိုးဓမ္မာရုံ၊ ဖားခြောက်ကောင်ကျောင်းတိုက်၊ ဟောမာန်ဦးကျောင်းတိုက်၊ ဝေပုလ္လကျောင်းတိုက်၊ ဗုဒ္ဓကျေးဇူးကျောင်းတိုက်နှင့် ဘုရားလေးကျောင်းတိုက်တို့တွင် ပြောင်းရွှေ့နေရာချထားပေးလျက်ရှိပြီး အဆိုပါမြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်းနှင့် မူလတန်းကျောင်း နှစ်ကျောင်းတို့အား ယာယီပိတ်ထားကြောင်းသိရသည်။

ဇာဖြူဝင်း(မြဝတီ)



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၈) အထည်စက်ရုံခွဲ(ရမည်းသင်း)နှင့် အမှတ်(၈) အထည်စက်ရုံ(ပျော်ဘွယ်)တို့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ အမှတ်(၈) အထည်စက်ရုံခွဲ(ရမည်းသင်း)သို့ ရောက်ရှိပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စက်ရုံအတွင်းသို့ ရေဝင်ရောက်ခဲ့မှုအခြေအနေ၊ ကုန်ချော၊ ကုန်ကြမ်းပစ္စည်းများ ပျက်စီးမှုမရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ရေဝင်ရောက်မှုကြောင့် စက်ပစ္စည်းများ ပျက်စီးမှုမရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် မွေ့ရာ၊ အိပ်ရာခင်း၊ ခေါင်းအုံးများချုပ်လုပ်နေမှု၊ ဝန်ကြီးဌာနများ၏ တူညီဝတ်စုံများ ချုပ်လုပ်နိုင်ရေးအတွက် ပိတ်များ ရက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



မှာကြား

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ် ဖြစ်ပွားနေစဉ်ကာလအတွင်း အရေးပေါ်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားပြီးနောက် ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စုဖွဲ့စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ စက်ရုံအတွင်း၌ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရေမြောင်းနှင့် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများ၊ စာရွက်စာတမ်းများ၊ စက်ရုံပုံသေပိုင် ပစ္စည်းများဖြစ်သည့် ပရိဘောဂပစ္စည်းများ၊ အဆောက်အအုံများ၊ စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးအတွက် ဒေသ၌ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်မြော်တွေး၍ စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများမှ အမှာစာဖြင့် မှာယူထားသည့် ပစ္စည်းများကို အချိန်မီထုတ်လုပ်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့ရှိ အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်)သို့ရောက်ရှိပြီး စက်ရုံ၌ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများအခြေအနေ၊ ကုန်ကြမ်း၊ ကုန်ချော သိုလှောင်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှထုတ်လုပ်သော ချည်များ၏အရည်အသွေးတိုးတက်ကောင်းမွန်စေရေးအတွက် ပြုပြင်လဲလှယ်တပ်ဆင်ရမည့် စက်ပစ္စည်းအစိတ်အပိုင်းများစာရင်းပြုစုထားရန်၊ စက်ရုံ၌ကျန်ရှိနေသည့် ကုန်ချောပစ္စည်းများကိုလည်း MSME လုပ်ငန်းရှင်များလက်ဝယ်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြန့်ဖြူးရောင်းချနိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ပစ္စည်းများ ပျက်စီးမှုမရှိစေရေး ကြိုတင်ကာကွယ် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရန်၊ ယခုရက်ပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းနေသည့်အတွက် စက်ရုံရှိ စက်ပစ္စည်းများ၊ ကုန်ကြမ်း၊ ကုန်ချောများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ပြည့်ပြည့်ဝဝဆောင်ရွက်ထားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးရွာသွန်းမှုများ၍ ရုတ်တရက် ဆင်သေချောင်းရေလျှံခြင်းကြောင့် ဆင်သေချောင်းတစ်လျှောက်ရှိ ဆင်သေချောင်းတံတား (ပုပ္ပါးကုန်း)နှင့် ဆင်သေချောင်း တံတား(သိုက်ချောင်း)တို့တွင် တံတားကမ်းကပ်ခုံများ ပျက်စီးခြင်း၊ ချဉ်းကပ်လမ်း ရေတိုက်စား၍ လမ်းတာပေါင် ပျက်စီးခြင်း၊ တံတားရေလယ်တိုင်များ နိမ့်ကျခြင်းများ ဖြစ်ပေါ်နေသည့် အပြင်အေးမြင့်သာယာတံတားနှင့် ကျောက်ချက် တံတားတို့သည်လည်း ချဉ်းကပ်လမ်းအပါအဝင် ရေနစ်မြုပ်နေခြင်းကြောင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ပြင်ဆင်ဆောင်ရွက်နိုင်မည့် အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဆင်သေချောင်းတံတား (ပုပ္ပါးကုန်း)သို့ ရောက်ရှိပြီး ရေတိုက်စား၍ ပျက်စီးသွားသော တံတားထိပ်ခုံနှင့် လမ်းတာပေါင် နေရာကို ဘေလီတံတားထိုး၍ ယာယီပြင်ဆင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ အများပြည်သူသွားလာရေး အဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်မှု စီးဆင်းမှုမရှိစေရေး အတွက် အမြန်ဆုံးပြုပြင် ဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန်မှာကြားသည်။

ဦးစားပေး ပြင်ဆင်

အဆိုပါ တံတားနေရာအား ဦးစားပေး ပြင်ဆင်ပြီးပါက ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ကို ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ဆင်သေချောင်းတံတား (သိုက်ချောင်း)သို့ သွားရောက်ရာ ပုဗ္ဗသီရိမြို့ပတ်လမ်း တစ်လျှောက် ရေစီးနှင့် မျောပါလာသော သစ်ပင်ကြီးများ၊ အမှိုက်များကို ယာဉ်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်း ဆောင်ရွက်ခြင်း၊ သိုက်ချောင်းတံတား၏ တံတားထိပ်ခုံနှင့် လမ်းသားများ ရေတိုက်စားမြောပါပျက်စီးခြင်းကို ပြုပြင်ရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေနှင့် ယာယီဘေလီတံတားထိုးမည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် ရန်ကုန်-မန္တလေး လမ်းမကြီး (လမ်းဟောင်း) တပ်ကုန်းမြို့အနီးရှိ အဆုံတံတား၏ တံတားထိပ်ခုံများ ရေတိုက်စားခြင်း၊ လမ်းတာပေါင်များ ပျက်စီးနေခြင်းတို့ကြောင့် ယာယီဘေလီတံတားထိုး၍ ပြင်ဆင်နေသည့် ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေး၊ ယာဉ်သွားလာမှုနှင့် ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေးအတွက် အဆိုပါ တံတားနေရာကို ရှောင်ကွင်း၍ တပ်ကုန်းမှအေလာသို့ တပ်ကုန်း-ဥတ္တရာသီရိ အမှတ်(၂)လမ်းအတိုင်း ယာယီသွားလာနိုင်ရေး နေပြည်တော်ကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ချောင်းဆုံမြို့နယ်၌ မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်

ချောင်းဆုံ စက်တင်ဘာ ၁၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုမဖြစ်ပွားစေရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်ကာ ယနေ့ နံနက်ပိုင်းက နတ်မှော်ကျေးရွာ(School Cum Shelter)ရှေ့တွင် မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့် လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုခဲ့ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်း တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းများနှင့် ဒေသခံပြည်သူများမှ ဇာတ်တိုက်လေ့ကျင့်လှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် မုန်တိုင်းဘေး၊ ရေဘေး စသည့်သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပြည်သူများအနေဖြင့် တုံ့ပြန်ဆောင်ရွက်ရာတွင် ရှောင်ရန်/ဆောင်ရန် အချက်များ၊ မြေပြင်၊ ရေပြင်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကာ ရှေးဦးပြုစုခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း စသည့်လုပ်ငန်းများကို ပူးပေါင်းလေ့ကျင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရေခဲမုန့်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်မည့် ရေခဲမုန့်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျေးရွာ ၁၅၁ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၂၂၁ ရွာတွင် ယခင်နှစ်ကထက် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းများ ဖွင့်လှစ်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များက ဒေသအလိုက် ပေါများစွာထွက်ရှိသည့် ကုန်ကြမ်းများအပေါ် မူတည်ပြီး ဒေသခံများ၏ လိုအပ်ချက်အရ သင်တန်းအမျိုးအစားကို ရွေးချယ်ဖွင့်လှစ်ပေးနေကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပေးသည့် ဘာသာရပ်များကို အသုံးချပြီး ကုန်ထုတ်လုပ်ငန်းများကို စနစ်တကျလုပ်ကိုင်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် ပြောကြားပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ရေခဲမုန့်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို သင်တန်းသား ၃၀ တက်ရောက်ပြီး သက်ဆိုင်ရာကျေးရွာများတွင် ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သည်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး အမှန်တကယ်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားငါးဦးကို သတ်မှတ်ချက်များနှင့် အညီရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော်ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံ၌ ဘက်စုံခြံအတွင်း မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် အသားတိုးကြက်မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်ရောဂါများ မကျရောက်စေရေး၊ ကြီးထွားမှုနှုန်းများ ကောင်းမွန်စေရေးနှင့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းကောင်းမွန်စေရေး သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၂

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာရှိကြီးများ၊ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ဌာနကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက် မှ ၅ ရက် အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကျင်းပပြုလုပ်ခဲ့သည့် အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group- APJG) မျက်နှာချင်းဆိုင် အစည်းအဝေးနှင့် ကြုံတင်ညှိနှိုင်းအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့မှုနှင့် အဆိုပါ မျက်နှာချင်းဆိုင်အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက Action Plan များအပေါ် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက်များနှင့် သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက အကောင်အထည်ဖော်ရန် ကျန်ရှိသည့် လုပ်ငန်းများကို ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာနများက ဆောင်ရွက်ရန် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ လုပ်ငန်းအဖွဲ့ဝင်များက လက်ငင်းရလဒ်များဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် အစီအစဉ်များကိုလည်းကောင်း ဖြည့်စွက်ဆွေးနွေးကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက အကောင်အထည်ဖော် ဆောင်ရွက်ရန်လုပ်ငန်းများကို ဌာနအလိုက် ကြိုးစားဆောင်ရွက်ပြီး လက်ငင်းရလဒ်များ အဆင့်တိုးမြှင့်ရရှိရေး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။ **သတင်းစဉ်**

သထုံမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲများ ပြုလုပ်



သထုံ စက်တင်ဘာ ၁၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေးအတွက် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးဟော ပြောခြင်း၊ နံရံကပ်စာစောင်ပြသ ခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ (စိန်ကုန်း) အခြေခံပညာ မူလတန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြသည်။

ဟောပြော

နယ်လှည့် စာကြည့်တိုက်ဖွင့်လှစ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတ တိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက် ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်မြ ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များက အိုးဘိုရပ်ကွက် အထက်ကြည့်မြင်တိုင် လမ်းမရှိ အမက(၆) ကျောင်းဝင်းအတွင်းမှ သစ်ပင်ချုံနွယ်များကို ရှင်းလင်း၍ ရေမြောင်းအတွင်းမှ နုန်းများကို ဆယ်ယူရှင်းလင်းပေးကြစဉ်။ ဘော်ဂါသွေး

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ WORLD FIRST AID DAY

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်။

"အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်"

First Aid and Sports
Ready, Set, Respond



ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်နံနက်ပိုင်းက ကော့ကရိတ်မြို့ မြို့မဘုန်းတော်ကြီးကျောင်း၌ ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းခန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှသန်းနိုင်တို့၏ ဦးဆောင်မှုဖြင့် ကျောင်းဝင်းအတွင်း ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပေါင်းမြက်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ မဟာအဓိတရံသီစေတီတော်အား ရောင်တော်ဖွင့်ခြင်းများကို အရာရှိ အရာခံရှစ်ဦး၊ တပ်ဖွဲ့ဝင် ၂၇ ဦး စုစုပေါင်း ၃၅ ဦး တို့ဖြင့် စုပေါင်းဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၁ ရက်နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးအောင်အောင် ဦးစီးသည့်ရဲတပ်ဖွဲ့ဝင်များက အောင်ချမ်းသာရပ်ကွက် ကံမြင့်ကျောင်းတိုက်အတွင်း သစ်ပင်ချုံနွယ်များ၊ ရေမြောင်းများ ရှင်းလင်းဆောင်ရွက်ပေးကြစဉ်။ သျှင်ဝင်းသျှင်

၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၂

၂၀၂၄ ခုနှစ်ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများနှင့် နိုးနွဲ့ယ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကော်မတီဝင်များနှင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အသင်းဌာနချုပ်မှ လက်ထောက်အထွေထွေအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့မှ တာဝန်ရှိသူများ၊ ထူးချွန်ဆု ရရှိသူများနှင့် ကြက်ခြေနီ စေတနာလုပ်အားရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပေးရံသာမက နိုင်ငံအတွင်း လူမှုကရုဏာဆိုင်ရာ အကူအညီ လိုအပ်သူများအတွက် အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ် အမျိုးမျိုးတွင် ကူညီ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စေတနာ သွေးလှူရှင်လုပ်ငန်းများနှင့် အရေးပေါ်လူနာတင်ယာဉ် လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ၊ မိုခါမုန်တိုင်း ကြိုတင်ပြင်ဆင်တုံ့ပြန်ခြင်း လုပ်ငန်းများတွင်လည်း ပြည်သူလူထုအတွက် စွမ်းစွမ်းတမံအသက်စွန့်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကူညီဆောင်ရွက်ပေးနေ

ထို့ပြင် မကြာမီက ဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည့် ကာလများတွင်လည်း ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ခြင်း လုပ်ငန်းများအဖြစ် အသင်းတွင်ရှိသည့် ကြက်ခြေနီ စေတနာလုပ်အားရှင်များက ရပ်ရွာအတွင်း အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဝေငှခြင်း၊ လူနာများအား ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း၊ ကလိုရင်းဆေးခတ်ရာတွင် ကျန်းမာရေးဌာနနှင့်အတူ ကူညီ ဆောင်ရွက်ပေးခြင်း၊ ဓာတ်ဆားထုပ်များနှင့် ကလိုရင်းဆေးမှုန့်များ ထောက်ပံ့ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ယခုမျှောက်ကျောက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင်လည်း ပြည်သူလူထုအတွက် ကူညီဆောင်ရွက် ပေးနေသည်ကို တွေ့မြင်ရပါကြောင်း။

ကြက်ခြေနီ မောင်မယ်တို့အနေဖြင့် မိမိတို့ပိုင်နိုင်စွာ တတ်ကျွမ်းထားသည့် ရှေးဦးပြုစုခြင်း နည်းစနစ်များကို အများပြည်သူအား လုံး လက်လှမ်းမီသိရှိသင်ယူနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ကြရန်၊ ရှေးဦးပြုစုခြင်း ပြိုင်ပွဲကနေရရှိသည့် အတွေ့အကြုံကောင်းများကိုမိမိတို့၏တိုင်းဒေသကြီး/ပြည်နယ်များတွင် ပြန်လည်ပြီး မျှဝေပေးကြရန်၊ လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သော ပြည်သူတိုင်းအတွက် ကြက်ခြေနီ၏ အခန်းကဏ္ဍကနေ သက်ဆိုင်ရာဝန်ကြီးဌာန အားလုံးနှင့် တက်ညီလက်ညီ စုပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွှန့်က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ First Aid and Pre-Hospital Emergency Care Delegate Mr. Andrew Mok Yuan Min တို့က နှုတ်ခွန်းဆက်စကားပြောကြားကြကာ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်း (တစ်ဦးချင်း-အမျိုးသား) စွမ်းရည်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများနှင့် တံခွန်စိုက်ဆုရရှိသော တိုင်းဒေသကြီး/ ပြည်နယ်အား ဆုများ ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် IFRC Head of Myanmar Delegation တို့က ဆုများ ဆက်လက်ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းဝင် နိုင်ငံပေါင်း ၁၈၁ နိုင်ငံတွင် နှစ်တစ်နှစ်၏ စက်တင်ဘာလ ဒုတိယပတ်စနေနေ့ကို ကမ္ဘာ့ရှေးဦး ပြုစုခြင်းနေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ် အခမ်းအနားများ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းအနေဖြင့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ၂၀၀၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် (၂၂)ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်းနှင့် ယခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဆောင်ပုဒ်မှာ "အားကစားအတွက် အမြဲကူညီရှေးဦးပြုစုခြင်း အသင့်ရှိသည်" "First Aid and Sports Ready, Set, Respond" ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော

ကြေးမုံသတင်းစာတိုက် ငွေစုငွေချေးသမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၂

ကြေးမုံသတင်းစာတိုက် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ပုဇွန်တောင်မြို့နယ်ရှိ ကြေးမုံသတင်းစာတိုက် အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

အစည်းအဝေးတွင် ကြေးမုံသတင်းစာတိုက် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ သဘာပတိက အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သန္တာက သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဖွဲ့၏ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းဖတ်ကြားခဲ့ကြောင်း သိရသည်။

ကိုထက်



မြန်မာ့လယ်ယာထွက်ကုန်များ၏ ထောက်ပံ့ပို့ဆောင်မှုကွင်းဆက် စီမံခန့်ခွဲမှုစနစ်သင်တန်း ဆွေးနွေးပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၂

မြန်မာ့လယ်ယာ ထွက်ကုန်များ၏ထောက်ပံ့ပို့ဆောင်မှုကွင်းဆက် စီမံခန့်ခွဲမှုစနစ် သင်တန်းဆွေးနွေးပွဲ "Training Workshop on Agriculture Supply Chain Management System in Myanmar" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနတာဝန်ရှိသူများ၊ သင်တန်းပို့ချမည့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးနည်းပညာသစ်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်မှုနှင့် ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်တစ်လျှောက် စီမံခန့်ခွဲမှုနည်းလမ်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးအခြေခံ ပို့ကုန်ကဏ္ဍတိုးမြှင့်နိုင်ရေးနှင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေး ထွက်ကုန်များကို ကုန်သွယ်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ပြဋ္ဌာန်းထားသော ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် ကုန်သွယ်မှုကျသင့်ငွေကို ပျမ်းမျှ ၁၄ ဒသမ ၃ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း။

ထောက်ပံ့မှု ကွင်းဆက်တစ်လျှောက် လွယ်ကူချောမွေ့မြန်ဆန်စေရန် Single Window ကိုအကောင်အထည်ဖော်ဆောင်ခြင်း၊ ကုန်စည်ရွှေ့လျားခြင်းနှင့် အကောက်ခွန် ရှင်းလင်းခြင်း၊ ပုပ်သိုးလွယ်သော ကုန်စည်များ အပါအဝင် ဆုံးရှုံးနိုင်ခြေရှိသည့် ကုန်စည်များအတွက် စီမံခန့်ခွဲခြင်း စသောအချက်များက ထောက်ပံ့မှုကွင်းဆက်တစ်လျှောက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာကြည်၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းမြင့်နှင့် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီအောင်တို့က လယ်ယာကဏ္ဍဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆက်စပ်ဌာနအဖွဲ့အစည်းများ သိရှိရမည့် အခြေခံစည်းမျဉ်းများနှင့် နိုင်ငံတကာမှ ကျင့်သုံးသည့် အလေ့အထများနှင့် ထောက်ပံ့မှုကွင်းဆက်တစ်လျှောက် စီမံခန့်ခွဲသည့် မဟာဗျူဟာမြောက် နည်းလမ်းများကို ပို့ချဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဒေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ (၂၈)လမ်း (မြောက်ဘက်)၊ အောင်သာယာရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **လူမှုစီးပွားမြှင့်တင်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၁-၉-၂၀၂၄ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

လူမှုစီးပွားမြှင့်တင်ရေးပါတီ၏ အလံပုံစံ



လူမှုစီးပွားမြှင့်တင်ရေးပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တရုတ်နိုင်ငံ နန်နင်းမြို့တွင် တရုတ်-မြန်မာစာရေးဆရာများ စာပေဖန်တီးမှုနှင့် ထုတ်ဝေရေးဖလှယ်မှု၊ စာပေဆွေးနွေးမှုများပြုလုပ်



ကွမ်ရှီးကျွမ့် စက်တင်ဘာ ၁၂

တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင်ရောက်ရှိနေသော မြန်မာနိုင်ငံစာရေးဆရာအဖွဲ့သည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ကွမ်ရှီးပုံနှိပ်ထုတ်ဝေရေးနှင့် မီဒီယာလုပ်ငန်းစုနှင့် LiJiang Academy ၌ တွေ့ဆုံ၍ စာပေဖန်တီးမှုလက်ရာများ အပြန်အလှန်ပူးပေါင်းဖလှယ်ရေးနှင့် နှစ်နိုင်ငံပြည်သူများ ပိုမိုချစ်ကြည်ရင်းနှီးရေးအတွက် ဦးတည်သည့်စာပေများပြုစုရေး ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ကွမ်ရှီးပုံနှိပ်ထုတ်ဝေရေးမီဒီယာလုပ်ငန်းစု ခေါင်းဆောင် လီလိုင်ယို (Li Liang Yo)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ကွမ်ရှီးစာရေးဆရာအသင်း ဥက္ကဋ္ဌ ထျန်သိုက်လင် (Tuan Dai Lin) တို့က စာပေရေးရာကိစ္စရပ်များကိုဦးဆောင်ဆွေးနွေးကာ မြန်မာနိုင်ငံစာရေးဆရာ ဦးစိုးမြင့် (ရဲမင်းစိုး)၊ ဒေါ်ခင်ဝင့်ရည် (ဝတ်ရည်ခင်၊ပဲခူး)၊ သီဟရုတနာဦးသိန်းစိုးနှင့် တော်ကောင်းမင်းတို့က လည်းကောင်း၊ တရုတ်စာရေးဆရာများဖြစ်သော လီလိုင်ယို(Li Laiyou)၊ ထျန်သိုက်လင်(Tuan Dai Lin)၊ လီယွဲလေ့ (Li Yuere)၊ ကျန်ကျင်လု(Zhang Jinlu)၊ လျှီဒီချိုင်(Lu Dicai)တို့ကလည်းကောင်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ကွမ်ရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ်သို့ သွားရောက်ကာ တက္ကသိုလ်ဆရာ ဆရာမများ၊ မြန်မာစာအဓိက ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ မြန်မာစာပေနှင့် တရုတ်စာပေ အပြန်အလှန် ဘာသာပြန်ပူးပေါင်းဖလှယ်ရေး ဆွေးနွေးပွဲကျင်းပရာ အဆိုပါတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ကောင်းရှင်းယွီ(Gao Xinyu)၊ အာဆီယံကောလိပ် အမြဲတမ်းဒုကျောင်းအုပ်ကြီး လက်ထောက်ပါမောက္ခ ယဲ့ရှင်းယိ(Ye Xinyi)၊တရုတ်စာပေကောလိပ်ဒုကျောင်းအုပ်ကြီး လက်ထောက်ပါမောက္ခ ဟယ်ဆန်းယန့်(He Shanyan)၊ အရှေ့တောင်အာရှ ဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ် လက်ထောက်ပါမောက္ခ ဟွမ်ဝေစိန်း (Huang Weishan)တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က နှစ်လွှာတစ်ခက် စွယ်တော်ရွက်ပမာ နှစ်ပေါင်းရှည်ကြာခိုင်မြဲခဲ့သော မြန်မာ-တရုတ်ချစ်ကြည်ရေး၊ စာပေယဉ်ကျေးမှုပူးပေါင်းဖလှယ်ခြင်းမှသည် နှစ်နိုင်ငံပြည်သူများအကြား ပိုမိုရင်းနှီး ချစ်ကြည်လာစေရေးတို့ကို ကိုယ်တိုင်ပြန်ဆိုခဲ့သော ရှေးဟောင်းတရုတ်ကဗျာများကို ကိုးကား၍ ပြောဆိုဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲအပြီးတွင် တက္ကသိုလ် ဒုတိယပါမောက္ခချုပ်က မြန်မာနိုင်ငံစာရေးဆရာ ကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး



ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ဗဟန်း) တို့ ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် "မွန်ထရီရယ် နောက်ဆက်တွဲစာချုပ် ရည်မှန်းချက်အောင်မြင်ဖို့ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတိုးမြှင့်ဆောင်ရွက်စို့" "Montreal Protocol: Advancing Climate Action" ခေါင်းစဉ်ဖြင့် စကားပိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန (ဗဟန်း) ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း)၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က စကားပိုင်းဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြတ်သွယ်က အိုဇုန်းလွှာသည် သက်ရှိနှင့်လူသားတို့အပေါ် အကျိုးပြုပုံ၊ အိုဇုန်းလွှာပျက်စီးရသည့် အကြောင်းရင်းများနှင့် ဆိုးကျိုးသက်ရောက်မှုများ၊ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှု လျော့ချနိုင်မည့်နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှု (၂၃) နှစ်မြောက် နှစ်ပတ်လည်နေ့ ကျင်းပ

နယူးယောက် စက်တင်ဘာ ၁၂

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှု (၂၃) နှစ်မြောက် နှစ်ပတ်လည်နေ့ကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ စက်တင်ဘာ ၁၁ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကုန်သွယ်ရေးစင်တာ၊ အမေရိကန်စစ်ဌာနချုပ် (ပင်တဂွန်)နှင့် ပင်နဆယ်ဗေးနီးယားပြည်နယ် အတွင်းရှိ ကွင်းပြင်တစ်ခုအတွင်းသို့ လေယာဉ်များ အသီးသီးပျက်ကျမှုကြောင့် ၃၀၀၀ နီးပါးသေဆုံးခဲ့သည်။

နယူးယောက်မြို့ရှိကမ္ဘာ့ကုန်သွယ်ရေးစင်တာ၌ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သူများအတွက် အထိမ်းအမှတ်အခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၆ မိနစ်တွင် ကျင်းပရာ သေဆုံးသူများ၏ မိသားစုများ အပါအဝင် တက်ရောက်လာသူများက သေဆုံးသူများ၏အမည်စာရင်းကို ဖတ်ကြားသည်။ အခမ်းအနားအတွင်း ဝမ်းနည်းမှုအထိမ်းအမှတ်အဖြစ် ခေတ္တငြိမ်သက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ သမ္မတ ဂျိုးဘိုင်ဒင်၊ ဒုတိယသမ္မတ ကင်မလာ ဟဲရစ်နှင့် သမ္မတဟောင်း ဒေါ်နယ်ထရမ့်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်





ပြိုယမ်းက တာတိုပစ် ပဲ့ထိန်းဒုံးကျည်အများအပြား ပစ်လွှတ်

ပြိုယမ်း စက်တင်ဘာ ၁၂

မြောက်ကိုရီးယားနိုင်ငံသည် စက်တင်ဘာ ၁၂ ရက်တွင် နိုင်ငံ၏အရှေ့ဘက်ပိုင်းသို့ တာတိုပစ် ပဲ့ထိန်းဒုံးကျည်အများအပြား ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က ပြောကြားသည်။

အဆိုပါပဲ့ထိန်းဒုံးကျည်များသည် ကီလိုမီတာ ၃၆၀ ခန့်ပျံသန်းပြီး ဂျပန်ပင်လယ်ထဲသို့ ကျရောက်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင် ဒုံးကျည်များကို ပြိုယမ်းမြို့တော်အနီးမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်ရုံးက ကြေညာသည်။

ပြိုယမ်းက ဒုံးကျည်များကို တောင်ဘက်သို့ ပစ်လွှတ်မည်ဆိုပါက ဒုံးကျည်ကျရောက်နိုင်သည့် အကွာအဝေးအတွင်း တောင်ကိုရီးယား စစ်ဘက်ဆိုင်ရာ အဆောက်အအုံများ ရှိနေမည်ဖြစ်ကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းအေဂျင်စီက ပြောကြားသည်။

ယခုပစ်လွှတ်သည့် ဒုံးကျည်များသည် ဖေဝါရီလအတွင်း မီလီမီတာ "စူပါ ဒုံးပျံ" ဟုခေါ်သည့် ဒုံးကျည်များ ဖြစ်ကြောင်း တောင်ကိုရီးယား ကျွမ်းကျင်သူများက ပြောကြားသည်။

အဆိုပါဒုံးကျည်များသည် ဇူလိုင် ၁ ရက်နောက်ပိုင်း ပထမဆုံးပစ်လွှတ်သည့် ပဲ့ထိန်းဒုံးကျည်များ ဖြစ်ကြောင်းလည်း ၎င်းတို့က ဆိုသည်။

ကြိုတင်ကာကွယ်မှုနှင့် တန်ပြန်တိုက်ခိုက်မှုများကို လုပ်ဆောင်ရန် တွန့်ဆုတ်နေမည်မဟုတ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အလေးပေးပြောကြားသည်။

ယခုဒုံးကျည်ပစ်လွှတ်မှုသည် ပြီးခဲ့သည့်လက ပြုလုပ်ခဲ့သော အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဆောင်ရွက်ခဲ့သည့် အကြီးစားမြေပြင်စစ်ရေးလေ့ကျင့်မှုများကို ဆန့်ကျင်သည့်အနေဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ခေါင်းဆောင်ကင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဂါဇာဒေသရှိ ကျောင်းကို အစ္စရေးတိုက်ခိုက် ကုလသမဂ္ဂ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ အေဂျင်စီဝန်ထမ်း ခြောက်ဦး သေဆုံး

ဂျေရုဆလင် စက်တင်ဘာ ၁၂

ဂါဇာဒေသအလယ်ပိုင်းရှိ ကျောင်းတစ်ကျောင်းကို ယမန်နေ့တွင် အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ကုလသမဂ္ဂ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ အေဂျင်စီဝန်ထမ်း ခြောက်ဦးသေဆုံးကြောင်း ယနေ့အင်နှအိတ်ချ်ကေသတင်းအရ သိရသည်။

ယခုသေဆုံးသည့် ဝန်ထမ်းအရေအတွက်သည် တိုက်ခိုက်မှုတစ်ခုချင်းစီအလိုက် ရေတွက်ပါက အများဆုံး ဖြစ်ကြောင်း ၎င်းအေဂျင်စီက ထပ်လောင်းပြောကြားသည်။ အစ္စရေး ဟားမတ်စ်ပဋိပက္ခစတင်ဖြစ်ပွားသည့်အချိန်မှစတင်၍ လက်ရှိအချိန်အထိ ၎င်းပဋိပက္ခအတွင်း ကုလသမဂ္ဂပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ အေဂျင်စီဝန်ထမ်း ၂၀၀ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂါဇာဒေသ၌ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများသည် လက်မခံနိုင်ဖွယ်အခြေအနေရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က မှတ်ချက်ပြုပြောကြားသည်။ အပြည်ပြည်ဆိုင်ရာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာဥပဒေများကို ယခုကဲ့သို့ ချိုးဖောက်နေခြင်းကို တားဆီးရမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ဂါဇာဒေသမြောက်ပိုင်း တယ်ကန်မြို့ရှိလက်နက်ထုတ်လုပ်ရေးအလုပ်ရုံတစ်ခုကို ယမန်နေ့က အစ္စရေးတပ်မတော်က တိုက်ခိုက်ခဲ့ရာတွင် ၎င်းတိုက်ခိုက်မှုအတွင်း အကြမ်းဖက်သမားငါးဦးသေဆုံးကြောင်း သိရသည်။

မိမိတို့အနေဖြင့် အရပ်သားများအား ထိခိုက်သေဆုံးမှုနည်းပါးစေရေးအတွက် နည်းပညာဖြင့် ချိန်ဆဆောင်ရွက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။

ကိုးကား- အင်နှအိတ်ချ်ကေ
ဘာသာပြန်- စိုးသူရ

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း၌ တောမီးလောင်ကျွမ်းမှုကြောင့် အရေးပေါ်အခြေအနေကြေညာ

ကယ်လီဖိုးနီးယား စက်တင်ဘာ ၁၂

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း၌ တောမီးများဆက်တိုက်လောင်ကျွမ်းမှုကြောင့် အရေးပေါ်အခြေအနေကြေညာထားကြောင်း ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

စက်တင်ဘာလတွင် စတင်ခဲ့သည့် တောမီးလောင်ကျွမ်းမှုများကြောင့် ရက်အနည်းငယ်အတွင်း ဟက်တာ ၄၀၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ပြည်နယ်မီးသတ်အာဏာပိုင်များနှင့် ဒေသခံမီဒီယာများကပြောသည်။

အလားတူ လေ့စ်အိန်ဂျလိစ်ပြည်နယ်၌ တောမီးလောင်ကျွမ်းလျက်ရှိသည့် မီးလောင်ဧရိယာ ပမာဏသည် စက်တင်ဘာ ၁၁ ရက်တွင် အရွယ်အစား ၁၂ ဆကျော် တိုးလာခဲ့ကြောင်း သိရသည်။ တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ် ၃၀ ကျော် ပျက်စီးခဲ့ပြီး အဆောက်အအုံပေါင်း ၂၅၀၀ ခန့် မီးလောင်ကျွမ်းမှု၏ခြိမ်းခြောက်မှုကို ခံနေရကြောင်းနှင့် ဒေသခံပြည်သူ ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ်၌ ယခုနှစ်အတွင်း မီးလောင်ကျွမ်းသည့် မြေဧရိယာသည် ၂၀၂၃ ခုနှစ်ထက် နှစ်ဆပိုမိုများပြားကြောင်း သိရသည်။


ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဂျပန်နိုင်ငံရှိ ပုဂ္ဂလိကအာကာသဆိုင်ရာလုပ်ငန်းကုမ္ပဏီ လကမ္ဘာပေါ်သို့ လဆင်းယာဉ်စေလွှတ်နိုင်ရေး ဆောင်ရွက်

တိုကျို စက်တင်ဘာ ၁၂

ဂျပန်နိုင်ငံရှိ ပုဂ္ဂလိက အာကာသဆိုင်ရာ လုပ်ငန်းကုမ္ပဏီတစ်ခုသည် လကမ္ဘာပေါ်သို့ လဆင်းယာဉ်စေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း ယနေ့ အင်နှအိတ်ချ်ကေသတင်းအရ သိရသည်။

၎င်းအစီအစဉ်ကို ဒီဇင်ဘာလတွင် ဆောင်ရွက်မည်ဖြစ်သည်။ ယခုလဆင်းယာဉ်အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့် အိုင်စပေ့စ်အမည်ရှိ ဂျပန်အာကာသဆိုင်ရာလုပ်ငန်းကုမ္ပဏီသည် ယမန်နှစ်ဖြေလအတွင်းကလည်း လဆင်းယာဉ်ကို လကမ္ဘာသို့စေလွှတ်ခဲ့ရာ မအောင်မြင်ခဲ့ကြောင်း သိရသည်။ မိမိတို့ယခုစေလွှတ်မည့်လဆင်းယာဉ်ကို အမေရိကန် စပေ့စ်အိပ်စ်ကုမ္ပဏီက ထုတ်လုပ်သည့် ဒုံးပျံတွင်တင်ဆောင်လွှတ်တင်မည်ဟု အိုင်စပေ့စ်မှ တာဝန်ရှိသူများက ပြောကြားသည်။ ယခုလွှတ်တင်မည့် လဆင်းယာဉ်သည် ဆဋ္ဌဂံပုံစံရှိပြီး အကျယ်အဝန်းနှင့်အမြင့် နှစ်ပေစီရှိကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်များအတွင်းမှ စတင်၍ လကမ္ဘာပေါ်သို့ လဆင်းယာဉ်လွှတ်တင်ရန် ကြိုးပမ်းမှုကို ကမ္ဘာ့နိုင်ငံများအကြား အပြိုင်အဆိုင်ဆောင်ရွက်လာကြသည်။ ပထမအကြိမ် လွှတ်တင်မှုမှ အတွေ့အကြုံများကိုသင်ခန်းစာယူ၍ အကောင်းဆုံးဆောင်ရွက်သွားမည်ဟု အိုင်စပေ့စ်မှ အမှုဆောင်ချုပ် ဟာကာမာဒါ တာကာရှိက ပြောကြားသည်။



ကိုးကား-အင်နှအိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

ဘိုကလေးမြို့နယ်တွင် လူငယ် ၄၀ ကျော် အဓမ္မစစ်သားစုဆောင်းခံရသည်ဟု မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေ

နေပြည်တော် စက်တင်ဘာ ၁၂

ဧရာဝတီတိုင်း ဒေသကြီး ဘိုကလေးမြို့နယ်တွင် ပြည်သူ့စစ်မှု ထမ်းဆောင်ရန်အတွက် လူငယ် ၄၀ ကျော်အဓမ္မစုဆောင်းခံရသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက အများပြည်သူအထင်အမြင် လွဲမှားစေရန် လုပ်ကြံရေးသား လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဘိုကလေးမြို့နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှု မရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်ပြီး တရားမဝင်ပြည်ဖျက်မီဒီယာများတွင် လူငယ်များကို အဓမ္မဖမ်းဆီးခြင်း၊ လမ်းသွားလမ်းလာများကို ပေါ်တာဆွဲခြင်း စသည့် သတင်းတု၊ သတင်းအမှားများကို ပြည်သူလူထု ကြောက်ရွံ့ထိတ်လန့်စေရန် လုပ်ကြံရေးသားလျက်ရှိသည့်အတွက် နိုင်ငံတော်ပိုင် သတင်းမီဒီယာများမှ တစ်ဆင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် တာဝန်ရှိသူများကလည်း ဆွေးနွေးဟောပြောမှုများ လုပ်ဆောင်လျက်ရှိရာ ပြည်သူများအနေဖြင့် သိရှိလိုသည်များ မေးမြန်းစုံစမ်းနိုင်ရန်



အတွက်လည်း မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များထံသို့ ဆက်သွယ်မေးမြန်းနိုင်ရန်အတွက် ဖုန်းနံပါတ်များကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ပေးထားကြောင်း သိရှိရသည်။

သတင်းစဉ်

ဒီပဲယင်းမြို့ ကံပြားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၂၅ လုံး ပျက်စီးခဲ့သည်ဟု သတင်းအမှားများ ဖြန့်ဝေရေးသားလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်း ဒေသကြီး ဒီပဲယင်းမြို့အနီးရှိ ကံပြားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းကြောင့် နေအိမ် ၂၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် ဒေသခံပြည်သူများက ကံပြားရွာအနီးတွင် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိစုဝှေ့နေကြောင်း သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ကစဉ့်ကလျားဖြင့် ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ဆုတ်ခွာထွက်ပြေးစဉ် ကျေးရွာအတွင်းရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်



ကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ယခုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို အချိန်မီတားဆီး ဆောင်ရွက်နိုင်ခဲ့သည်ကို မလိုလားသည့် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ဩဇာသြဇာများ မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့် ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "တစ်ရာတန်ကောင်လေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် မြို့ဟောင်းကုန်းကျေးရွာနေ မိုးစည်(ခ)ငန်းမအား ညနေ ၄ နာရီတွင် ရေးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

■



မံလွဲယံကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၄၅၃၄) ဧကရှိသော နယ်မြေကို **"မံလွဲယံကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၄) အရ ၁၃၈၆ ခုနှစ် တော်သလင်းလဆန်း ၄ ရက် (၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့် ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှု ရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတု သာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

မံလွဲယံကြိုးပြင် ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော အဖိုးတန်သစ်မျိုးဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ထောက်ကြံနှင့် အခြားဒေသ မျိုးရင်းသစ်မျိုးများ ဖြစ်သော အင်၊ ကညင်၊ ယမနေ၊ သတီ၊ သစ်အယ်၊ ဘင်္ဂေါ်၊ ကြို့ စသည့်သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ချေ၊ တောဝက်၊ တောကြောင်၊ တောကြက် စသည့်တိရစ္ဆာန်များ၊ ဇီဝမျိုးစုံမျိုးကွဲများ



မံလွဲယံကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံကို တွေ့ရစဉ်။

နေထိုင်ကျက်စားရာဒေသများ၊ နေရင်းဒေသများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးဖြစ်သည့် ဧရာဝတီမြစ်၏ ရေဝေရေလဲဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ပိုမိုတိုးပွားလာစေခြင်း၊ နန်းအနည်အနှစ်ပို့ချမှုများ၊ ရေတိုက်စားမှုများမှ ကာကွယ်ပေးနိုင်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်မှုတလာနိုင်ခြင်း၊ ဂေဟစနစ် ပိုမိုတည်ငြိမ်လာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

ရန်ကုန် စက်တင်ဘာ ၁၂

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မသွယ်သွယ်ဝင်းအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် ယူအေအီးနိုင်ငံရှိလူဝင်မှုကြီးကြပ်ရေးဌာန၊ လူ့စွမ်းအား အရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြန်လည်ထွက်ခွာခွင့်လက်မှတ် (Exit Permit) ရရှိခဲ့ပြီး စက်တင်ဘာ ၁၁ ရက်၌ ဒူဘိုင်း-ရန်ကုန်ခရီးဖြင့် ထွက်ခွာခဲ့ရာ ည ၁၀ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၉-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၅၀	၃၁၃၅	၃၁၁၀	၃၀၆၀	၃၁၃၅	၃၁၄၅	၃၁၆၀	၃၁၁၅	၃၂၄၀	၃၂၇၀	၃၁၂၀	၃၁၄၀	၃၁၇၀	၃၁၆၀	၃၁၇၀	၃၅၇၅	၄၉၀၀
95 Ron	၃၁၉၅	၃၂၇၅	၃၂၅၅	၃၂၀၅	၃၂၈၀	၃၂၉၀	၃၂၀၅	၃၂၆၀	၃၃၈၅	၃၄၁၀	၃၂၆၅	၃၂၈၀	၃၃၀၅	၃၃၀၀	၃၃၀၅	၃၇၂၀	၅၁၀၀
HSD (500 ppm)	၂၆၁၀	၂၆၉၀	၂၆၆၅	၂၆၁၅	၂၆၉၀	၂၇၀၀	၂၇၁၅	၂၆၇၀	၂၇၉၅	၂၈၂၅	၂၆၈၀	၂၆၉၅	၂၇၂၅	၂၇၁၅	၂၇၂၅	၃၁၁၀	၄၉၀၀
HSD (50 ppm)	၃၂၇၅	၃၃၆၀	၃၃၃၅	၃၂၈၅	၃၃၆၀	၃၃၇၀	၃၃၈၅	၃၃၄၀	၃၄၆၅	၃၄၉၅	၃၃၄၅	၃၃၆၅	၃၃၈၅	၃၃၈၅	၃၃၉၅	၃၈၀၀	၄၉၀၀
HSD (10 ppm)	၃၂၇၅	၃၃၆၀	၃၃၃၅	၃၂၈၅	၃၃၆၀	၃၃၇၀	၃၃၈၅	၃၃၄၀	၃၄၆၅	၃၄၉၅	၃၃၄၅	၃၃၆၅	၃၃၈၅	၃၃၈၅	၃၃၉၅	၃၈၀၀	၄၉၀၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၉၄	၂၉၈၅
95 Ron	၃၀၃၄	၃၁၂၈
HSD (500 ppm)	၂၄၆၃	၂၅၄၂
HSD (50 ppm)	၃၁၁၂	၃၂၀၄
HSD (10 ppm)	၃၁၁၂	၃၂၀၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

◎ ကျောဖုံးမှ

အထက်ပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ဖြင့် အခင်းဖြစ်ရပ်မှတ်တမ်းအထောက်အထားများရယူ၍ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ လုံခြုံရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများမှ သတင်းအချက်အလက်များရယူစုံစမ်းဖော်ထုတ်ခဲ့ရာ ည ၁၀ နာရီ ၄၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် ဒွေတော်ကျီကုန်းရပ်ကွက် ၆၈(D)လမ်းနှင့် မင်္ဂလာလမ်းထောင့်၌ ပြစ်မှုကျူးလွန်သူတရားခံများဖြစ်ကြသည့် ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ ဇွဲထက်(ခ) ဇောင်းထက် ၂၆ နှစ်(ဘ)ဦးရဲဝင်း၊ တစ်ရပ်ကွက်တည်းနေ ချမ်းငြိမ်းသူ ၂၅ နှစ် (ဘ)ဦးမြင့်သန်း၊ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ဟိန်းသန့် ၁၉ နှစ် (ဘ)ဦးကျော်မင်းထွန်း၊ တစ်ရပ်ကွက်တည်းနေ ဇင်မင်းခန့်(ခ) တရုတ်ကြီး ၁၉ နှစ် (ဘ)ဦးမိုးခိုင်၊ အောင်မြင့်မြတ်(ခ) ဆုပင် ၁၈ နှစ် (ဘ)ဦးအောင်ကျော်ကျော်မျိုး၊ အောင်မြင့်မြတ်(ခ) အောင်ဆန်းဦး ၁၉ နှစ် (ဘ)ဦးဝေလင်းအောင်၊ အောင်မြေသာစံမြို့နယ် အိုးဘိုရပ်ကွက်နေ စိုင်းခွန်ကျော်ဇော(ခ)ခွန်ကျော် ၃၀ နှစ်(ဘ)ဦးမောင်မောင်ဆွေတို့ ခုနစ်ဦးအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရိုး/အသွား ၂၄ လက်မခန့်ရှိ ဓားရှည် တစ်ချောင်း၊ အရိုး/အသွား ၃၄ လက်မခန့်ရှိဓားရှည် တစ်ချောင်း၊ အရှည် ခြောက်လက်မခန့်ရှိ ရဲတင်း တစ်လက်၊ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ကော်သေနတ် အနက်ရောင် တစ်လက်၊ YGN-22/ 7D-4547 Alphard အမျိုးအစား အနက်ရောင်ယာဉ်၊ MDY-14/6J-9817 SUZUKI အမျိုးအစား ယာဉ် နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်း ဝင်ရောက်ကာ ဓားပြတိုက်လုယက်မှု ကျူးလွန်ခဲ့သူ ဇွဲထက်(ခ) ဇောင်းထက်ပါ တရားခံ ခုနစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်းကာ အခင်းဖြစ်ပွားပြီးချိန်မှ အချိန်တိုအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရပ်စောက်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား သက်ဆိုင်ရာနယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတလူမှုရေးအသင်းများက ရေဘေးလွတ်ကင်းရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးစဉ်။



ကလောမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား သက်ဆိုင်ရာနယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတလူမှုရေးအသင်းများက ရေဘေးလွတ်ကင်းရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လျှုဒါန်း

နေပြည်တော် စက်တင်ဘာ ၁၂

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့် စက်တင်ဘာ ၁၀ ရက်မှစတင်၍ နေရာအနှံ့အပြား မိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အချို့နှင့် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ မြို့နယ်အချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တို့တွင် မြစ်ရေများမြင့်တက်ကာ ၎င်းမြစ်ချောင်းများအနီးရှိ ရပ်ကွက်/ ကျေးရွာများအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပေါ်ခြင်း၊ အချို့နေရာများရှိ ကားလမ်း၊ ရထားလမ်းများ ရေကျော်ခြင်း၊ တံတားအချို့ ပျက်စီးမှုများကြောင့် လမ်းပန်းဆက်သွယ်မှု ပိတ်ဆို့ခြင်းများ၊ လျှပ်စစ်မီးတိုင်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်း၊ လူနေအိမ်များ ပျက်စီးခြင်းစသည်တို့ဖြစ်ပွားခဲ့သည့်အပြင် ရေကြီးရေလျှံမှုဖြစ်ပွားသော မြို့/ရွာများတွင် လျှပ်စစ်မီးများပြတ်တောက်ပြီး အခြေခံပညာစာသင်ကျောင်းများကိုလည်း ခေတ္တပိတ်ထားရကြောင်း သိရှိရသည်။

ထိုသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဘေဂသီရိကားဝင်းအနီး ပင်လောင်းလမ်းဆုံ၊ ပျဉ်းမနားရွှေချီရပ်ကွက်၊ အေးမြင့်သာယာကျေးရွာ၊ ဘဲကုန်းကျေးရွာ၊ ကျောက်ချပ်ကျေးရွာ၊ အိုင်ဇောက်ကျေးရွာတို့နှင့် အခြားရေကြီးရေလျှံဖြစ်ပေါ်နေသည့်နေရာများတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ နေပြည်တော်ကောင်စီနှင့် စေတနာရှင်ပြည်သူများကလည်း ရေဘေးသင့်ပြည်သူများ စားသောက်ရေးအခက်အခဲမရှိစေရေးအတွက် ထမင်းဘူးများ၊ ရေသန့်များနှင့် အခြားစားသောက်ဖွယ်ရာပစ္စည်းများကို လိုက်လံဝေငှပေးလျက်ရှိသည်။

အလားတူ ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာ၊ ရှားစေးဖို ကျေးရွာ၊ ကြို့ပင်ကျေးရွာ၊ ကြံဖိုစုကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများကိုလည်း ရေဘေးလွတ်ရာ လောကချမ်းသာဘုရားဝင်းသို့ လည်းကောင်း၊ နယ်မြေခံတပ်မတော် တပ်ရင်းတပ်ဖွဲ့များတွင် ဖွင့်လှစ်ထားရှိသည့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ လည်းကောင်း တပ်မတော်သားများက ကူညီရွှေ့ပြောင်းပေးခဲ့ပြီး အုပ်ချုပ်မှုကိစ္စများနှင့် စားရေးအဆင်ပြေစေရေးတို့အတွက် စီစဉ်ပေးထားကြောင်း သိရှိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း လတ်တလောတွင် ရေဘေးသင့်သည့်ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ စု၊ အိမ်ထောင်စုပေါင်း ၁၆၃၇၃ စုတို့မှ လူဦးရေ ၇၄၂၉၅ ဦးတို့ကို သက်ဆိုင်ရာမြို့နယ်အလိုက် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်း ၂၆ ခု၌ ကူညီကယ်ဆယ်ရေးနေရာချထားပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် မင်းဘူး(စကု)မြို့နယ်၌ စက်တင်ဘာ ၉ ရက်မှ စတင်ကာ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေစက်တော်မန်းချောင်းအတွင်း၌ မန်းချောင်းရေများ တဖြည်းဖြည်းတိုးမြင့်ဝင်ရောက်စီးဆင်းလျက်ရှိရာ ယခုအခါတွင် အောက်စက်တော်ရာ နဂါးအိုင်ဘက်ခြမ်းမှစ၍ ရင်ပြင်တော်အထက်သို့ မန်းချောင်းရေများ စတင်ဝင်ရောက်စီးဆင်းနေပြီဖြစ်ကြောင်း၊ ၎င်းအပြင် မန်းရွှေစက်တော်ဘုရားကြီး အထက်ပိုင်းရှိ ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံ၌ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ပင်မရေပိုလွှဲမှ ၃ ဒသမ ၄ ပေခန့် ရေကျော်စီးဆင်းပြီး အဆိုပါ မန်းချောင်းရေများက ရွှေစက်တော်မန်းချောင်းမှတစ်ဆင့် မင်းဘူး (စကု) မြို့နယ်အတွင်းသို့ ပိုမိုဖြတ်သန်းစီးဆင်းဝင်ရောက်လျက်ရှိကြောင်း၊ မိုးများအဆက်မပြတ် ရွာသွန်းမှုနှင့်အတူ တောင်ကျချောင်းရေများ ထပ်မံစီးဆင်းဝင်ရောက်လာနိုင်သည့်အတွက် မန်းချောင်းအောက်ပိုင်းတစ်လျှောက်တွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူများအနေဖြင့် အထူးသတိပြုနေထိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများကြောင့် မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်အချို့တွင် သစ်ပင်လဲကျမှုဖြစ်ပွားခြင်း၊ ဆက်သွယ်ရေးတိုင်နှင့် လျှပ်စစ်မီးတိုင်လဲကျမှုများဖြစ်ပွားခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်မြို့၊ ဗထူးတပ်မြို့၊ ရပ်စောက်မြို့၊ ကျိုင်းခမ်းမြို့၊ အောင်ပန်းမြို့၊ ကလောမြို့နှင့် နမ့်စန်မြို့၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် တောင်ငူမြို့အပါအဝင် အခြားမြို့နယ်များရှိရေဘေးသင့်ပြည်သူများအား သက်ဆိုင်ရာနယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတလူမှုရေးအသင်းများက ရေဘေးလွတ်ကင်းရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြသည်။

ထို့အပြင် မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စားမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့၏ တောင်ဘက် ကျောင်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးရထားလမ်း မိုင်တိုင် ၂၈၅/၆-၉ ကြားရှိ အမှတ်(၁) သံလမ်း သံကူကွန်ကရစ်တံတား၊ ပျော်ဘွယ်မြို့၏ မြောက်ဘက် ညောင်နွယ်ကျေးရွာရှိ ရန်ကုန်-မန္တလေး ကားလမ်း(ဟောင်း) မိုင်တိုင် ၂၉၀(၁/၂) ကြားရှိ တံတားအမှတ် ၁/၂၉၁ သံကူကွန်ကရစ်တံတား၊ သာစည်မြို့၏ မြောက်ဘက်ရှိ စမုံရေထိန်းတမံ၊ သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအုပ်စု ကျောက်ဆောင်ကြီးကွေ့ကျေးရွာအနီး မိတ္ထီလာ-တောင်ကြီး သွားကားလမ်း မိုင်တိုင် (၄၀/၁) မှ (၄၀/၂) ကြားနေရာနှင့် ကြပ်စခန်းကျေးရွာအနီးတို့၌ လည်းကောင်း၊ ရမည်းသင်းမြို့နယ်ရှိ သမိုင်းဝင်ရွှေမြင်တင်စေတီတော်နှင့် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပြိုကျပျက်စီးခဲ့သည့်နေရာများကိုလည်းကောင်း ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့်အတူ ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ လမ်း/တံတားများကို ပြန်လည်ပြုပြင်ခြင်း၊ ပြိုကျပျက်စီးခဲ့သည့် အုတ်တံတိုင်းများနှင့် အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် လမ်းများပိတ်ဆို့နေသည့် သစ်ပင်/သစ်ကိုင်များကို ခုတ်ထွင်ရှင်းလင်းပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီးအားပေးစကားများ ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်

❖ မြန်မာ့လက်ရွေးစင်မှ

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၄ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် စင်ကာပူနိုင်ငံ၌လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် လက်ဘန္ဓနိုလက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့တွင်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းသည် ခြေစမ်းပွဲအဖြစ် ၂၀၁၉ ခုနှစ် ဇွန်လက စင်ကာပူနိုင်ငံ၌ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထို့ပြင် မြန်မာ့လက်ရွေးစင်အသင်းသည် လက်ဘန္ဓနိအသင်းနှင့် ပထမဆုံးခြေစမ်းကစားပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲတွင်သာ တွေ့ဆုံဖူးခြင်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ နိုင်ငံတကာရက်သတ္တပတ်တွင် ခြေစမ်းပွဲများကစားရန် စီစဉ်နေသော်လည်း ပြိုင်ဘက်အသင်းများနှင့်အပြီးသတ် သဘောတူညီမှု မရသေးကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ်အဖြစ် ဦးမျိုးလှိုင်ဝင်းကို ခန့်အပ်ထားပြီး အောက်တိုဘာ၊ နိုဝင်ဘာတွင် ခြေစမ်းပွဲများမှာငှင်းအတွက် ပထမဆုံး ကိုင်တွယ်ရမည့် နိုင်ငံတကာခြေစမ်းပွဲများဖြစ်လာမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-Shutterstock

ရှမ်းကုန်းပြင်မြင့်ကိုအခြေခံပြီး စံချိန်တင် မိုးရေချိန်တွေ ရွာသွန်းခဲ့တာကြောင့် နဝင်းချောင်း၊ မုန်ချောင်း၊ ကင်းသာချောင်းက စုစည်းပြီး ဆင်သေချောင်းကတစ်ဆင့် နောက်ဆုံး ပေါင်းလောင်းချောင်းထဲကို အရှိန်အဟုန်နဲ့ စီးဆင်းလာခဲ့လို့ ရေကြီးရေလျှံတာတွေဖြစ်တာ ဖြစ်ပါတယ်

မင်းဟန်



ညွှန်ကြားရေးမှူး
ဦးကောင်းမြတ်သိန်း

လတ်တလောဖြစ်ပေါ်နေသည့် လေပွေလှိုင်းများ ဖြတ်သန်းရာ ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်း လုံးတွင် မိုးသည်းထန်စွာရွာသွန်း မှုများပြားခြင်း၊ ဆည်တာတမံများတွင် ရေဝင်ရောက်မှုများလာခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်ခြင်းအပေါ် သက်ဆိုင်ရာ ဌာနဆိုင်ရာများက အနီးကပ်စောင့်ကြည့်စီမံမှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ဆည်တာတမံများအတွင်း ရေဝင်ရောက်မှု၊ ကြံ့ခိုင်မှုနှင့် အနီးကပ်စောင့်ကြည့်စီမံမှုများ ဆောင်ရွက်နေသည့် အခြေအနေနှင့်စပ်လျဉ်း၍ အဆိုပါ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကောင်းမြတ်သိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

မေး။ ။ လက်ရှိမှာ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် နိုင်ငံအတွင်းက အချို့ မြို့၊ ရွာတွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုတွေနဲ့ ဆက်စပ်ပြီး ဆည်တာတမံတွေရဲ့ အခြေအနေကိုပါ ပြည်သူတွေက စိုးရိမ်နေကြတာ ရှိပါတယ်။ ဒါကြောင့် လက်ရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ရာ ဒေသတွေက ဆည်တာတမံတွေရဲ့ အခြေအနေတွေကို ပြည်သူတွေသိရှိအောင် ပြောပြပေးပါ။

ဖြေ။ ။ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် မန္တလေးတိုင်းဒေသကြီးနဲ့ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဖြစ်ရတဲ့ အဓိကအကြောင်းရင်းကတော့ ဒီလ စက်တင်ဘာ ၇ ရက်မှာ ဗီယက်နမ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့တဲ့ ရာဂီ မုန်တိုင်းအရှိန်ကြောင့် ဖြစ်ပေါ်လာတဲ့ လေပွေလှိုင်းတွေရဲ့ အကျိုးသက်ရောက်မှုနဲ့ မိုးရေချိန်လက်မများစွာ ရွာသွန်းခဲ့လို့ ဖြစ်ပါတယ်။

နေပြည်တော်နယ်မြေမှာရှိတဲ့ အဓိကရေလှောင်တမံ အကြီးတွေထဲက ပေါင်းလောင်းနဲ့ ငလိုက်တမံ နှစ်ခုပဲ ရေကျော်တာရှိပါတယ်။ ကျန်တဲ့တမံတွေအနေနဲ့ ကန်ရေပြည့်အမှတ်ကိုတောင် မရောက်သေးတာ တွေ့ရပါတယ်။ နေပြည်တော် ဇရိယာအတွင်းက ချောင်းတွေကို ရှမ်းကုန်းပြင်မြင့်ကစပြီး စီးဆင်းတဲ့ ချောင်းတွေနဲ့ အလယ်ရိုးမကို အခြေခံတဲ့ ချောင်းတွေဆိုပြီး ခွဲခြားနိုင်ပါတယ်။ အခုလက်ရှိ မိုးရွာသွန်းခဲ့တာက ရှမ်းကုန်းပြင်မြင့်ကို အခြေခံပြီး စံချိန်တင်မိုးရေချိန်တွေ ရွာသွန်းခဲ့တာကြောင့် အဲဒီက စီးဆင်းလာတဲ့ရေတွေဟာ နဝင်းချောင်း၊ မုန်ချောင်း၊ ကင်းသာချောင်းက စုစည်းပြီး ဆင်သေချောင်းက တစ်ဆင့် နောက်ဆုံး ပေါင်းလောင်းချောင်းထဲကို အရှိန်အဟုန်နဲ့ စီးဆင်းလာခဲ့လို့ ချောင်းရေတွေ ရုတ်တရက်မြင့်တက်ပြီး ရေကြီးရေလျှံတာတွေဖြစ်တာ ဖြစ်ပါတယ်။ အဓိကကတော့ နဝင်းချောင်းနဲ့ ဆင်သေချောင်းက စီးလာတဲ့ရေတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဆင်သေချောင်းရေကြီးလို့တပ်ကုန်းနဲ့ နေပြည်တော်ထဲက အချို့ ရပ်ကွက်တွေထဲကို ရေဝင်ရောက်မှုတွေ ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ဆင်သေချောင်းပေါ်မှာတည်ဆောက်ထားတဲ့ ဆင်သေဆည်ကတော့ ရေပြည့်ဖို့ ၁၂ ပေတောင် လိုနေပါသေးတယ်။ အလားတူ ရေဆင်း၊ ချောင်းမငယ်၊ မဒန်း စတဲ့ တမံတွေဟာလည်း ရေပြည့်ဖို့လိုနေပါသေးတယ်။

ပေါင်းလောင်း ရေလှောင်တမံအနေနဲ့ လက်ရှိမှာ ရေပိုလွှဲက ၁၁ ဒသမ ၅ ပေလောက် ရေကျော်စီးဆင်းနေပြီး ပေါင်းလောင်းချောင်းထဲကို ဝင်ရောက်နေပါတယ်။ ဒါ့အပြင် ဆင်သေချောင်း ရေဟာလည်း ပေါင်းလောင်းချောင်းထဲကို စီးဝင်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီရေတွေ ပေါင်းပြီး ပေါင်းလောင်းချောင်းရေမြင့်လာကာ ပေါင်းလောင်းရေလွှဲဆည်မှာ ၁၁ ပေလောက် ရေကျော်စီးဆင်းနေတာ ဖြစ်ပါတယ်။ အဲဒီရေတွေဟာ ဆက်လက်စီးဆင်းပြီး တောင်ငူမြို့ကို မကြာခင် ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် စစ်တောင်းမြစ်ရေဟာ မြင့်တက်လာနိုင်တဲ့အတွက် ဒေသခံပြည်သူတွေကို ကြိုတင်အသိပေးကြေညာထားပြီး ရေဘေးကာကွယ်ရေး လုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူပါပဲ နေပြည်တော်နဲ့ ကပ်လျက်ရှိတဲ့ မန္တလေးတိုင်း ဒေသကြီးထဲက ရမည်းသင်း၊ ပျော်ဘွယ် စတဲ့ဒေသတွေမှာလည်း အရှေ့ဘက်မှာရှိတဲ့ ရှမ်းကုန်းပြင်မြင့်ဇရိယာမှာ စံချိန်တင် မိုးရေချိန်တွေရွာခဲ့လို့ ရေတွေ အလုံးအရင်းနဲ့ စီးဆင်းလာကာ ဒေသမှာရှိတဲ့ ဆည်ငယ်၊ ကန်ငယ်တွေထဲကို စီးဝင်ပြီး တာပေါင်ပေါ် ရေကျော်တာတွေ၊ ရေတိုက်စားတာတွေဖြစ်ခဲ့ပါတယ်။ အဲဒီရေတွေဟာ နေပြည်တော်ထဲကို စီးတဲ့ နဝင်းချောင်းထဲကို ရောက်တာရှိသလို မိတ္ထီလာလွင်ပြင်ထဲက စမုံမြစ်ထဲကို စီးဆင်းသွားတာလည်း ရှိပါတယ်။ ဒီဒေသတွေမှာ တစ်နှစ်ပျမ်းမျှရွာတဲ့ မိုးရေချိန်က လက်မ ၃၀ ပတ်ဝန်းကျင်ပဲရှိပါတယ်။ အခုလိုမျိုး တစ်ရက်တည်းမှာ ၁၀ လက်မကျော် တစ်ပေနီးပါး လောက်ရွာတဲ့အခါမှာ ပုံမှန်စီးဆင်းနေတဲ့ချောင်းတွေဟာ ရုတ်တရက် ဝင်လာတဲ့ရေတွေကို ကောင်းကောင်း မသယ်နိုင်တော့ဘဲ ရေကြီးရေလျှံတာတွေ၊ အနိမ့်ပိုင်းနေရာတွေကို ဝင်တာတွေဖြစ်ပေါ်လာပါတယ်။ ထိခိုက်ပျက်စီးမှုတွေကို ဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် အဲဒီဒေသတွေမှာ မကြုံစဖူး ရုတ်တရက်ရေကြီးတာတွေဖြစ်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလိုပဲ ရှမ်းကုန်းပြင်မြင့်က စီးဆင်းလာတဲ့ ဇော်ဂျီမြစ်ရေဟာ အချိန်တိုအတွင်း မြင့်တက်လာတဲ့အတွက် ကျောက်ဆည်မြို့အပါအဝင် မြစ်ဘေးဝန်းကျင်မှာရှိတဲ့ ဒေသတွေ ရေကြီးရေလျှံမှုဒဏ်ကို ခံစားခဲ့ရပါတယ်။

မေး။ ။ ဆည်မြောင်းနှင့် ရေအသုံးချရေး ဦးစီးဌာနအနေနဲ့ လက်ရှိ ဆည်တွေနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတာတွေကိုလည်း သိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့ ဌာနအနေနဲ့ မိုးလေဝသသတင်းတွေအရ ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးများမယ်၊ ရေဝင်ရောက်မှုများမယ်လို့ ခန့်မှန်းရရှိတဲ့အတွက် ဌာန ဝန်ထမ်းတွေကို ကြိုတင်အသိပေးတာတွေ၊ စဉ်ဆက်မပြတ် စောင့်ကြည့် သတင်းပေးပို့ဖို့၊ ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး လုပ်ငန်းတွေကို လုပ်ဖို့ ညွှန်ကြားတာတွေ ဆောင်ရွက်သလို ရေဝင်ရောက်မှုတွေကို စောင့်ကြည့်စီမံတာတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ရေလှောင်တမံတွေမှာလည်း ဝန်ထမ်းတွေကို နေ့ညတာဝန်ချထားတာတွေ ဆောင်ရွက်သလို အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုစီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်တာတွေ လုပ်ခဲ့ပါတယ်။

ကျောက်ဆည်၊ မြစ်သား စတဲ့ ဒေသတွေမှာလည်း ဇော်ဂျီမြစ်ရေမြင့်တက်လာနိုင်တဲ့ အခြေအနေတွေရှိလို့ သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတွေနဲ့ ပူးပေါင်းပြီး ဒေသခံတွေကို ကြိုတင်အသိပေးကြေညာတာတွေ ဆောင်ရွက်ခဲ့ပါတယ်။

မေး။ ။ လက်ရှိမှာ ဆည်တာတမံတွေမှာ ရေသိုလှောင်မှတ်ကျော်လွန်ပြီး သတိပြုရမယ့် အခြေအနေရှိရင်လည်း သိပါရစေ။ ပြီးတော့ တချို့ဆည်တာတမံတွေမှာ ရေပိုလွှဲက ရေကျတာကို ဆည်ကျိုးတာနဲ့ မှားယွင်းပြီး စိုးရိမ်နေတာလည်း ရှိပါတယ်။ ဒီအပေါ်မှာလည်း ပြည်သူတွေ သိရှိအောင် ပြောပြပေးပါ။

ဖြေ။ ။ လက်ရှိမှာ ရေပိုလွှဲက ရေကျော်စီးဆင်းနေတဲ့ ရေလှောင်တမံ ၆၃ ခု ရှိပါတယ်။ ဒီနေရာမှာ ရှင်းပြချင်တာက ရေလှောင်တမံတွေမှာ ကန်ရေပြည့်အမှတ်ဆိုတာရှိပါတယ်။ အဲဒီကန်ရေပြည့်အမှတ်ကိုကျော်ပြီး ရေစီးဝင်လာတဲ့အခါ ရေပိုလွှဲကနေ စီးထွက်ပြီး မူလချောင်းထဲကို ပြန်ရောက်သွားတာဖြစ်ပါတယ်။ အဲဒီလို ရေပိုလွှဲက ရေကျော်စီးဆင်းပြီး မူလချောင်းထဲကို ပြန်စီးဝင်နေတဲ့ ရေလှောင်တမံ ၆၃ ခု ရှိတယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

အဲဒီလို ရေကျော်စီးဆင်းတဲ့အခါ ကျွန်တော်တို့ရဲ့ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုစီမံချက်အရ ရေပိုလွှဲက ရေကျော်တာနဲ့ အရေးပေါ်အခြေအနေ အဆင့် (၁) အဖြစ် သတ်မှတ်ပြီး အစီမံးရောင်အလံကို ရေလှောင်တမံနဲ့ တမံအောက်က ဆက်စပ်တည်ရှိတဲ့ ကျေးရွာတွေမှာ စိုက်ထူပြီး ဒေသခံပြည်သူတွေ သိရှိနိုင်အောင် အသိပေးပါတယ်။ ဒီအခြေအနေမှာ ဒေသခံတွေအနေနဲ့ စိုးရိမ်ဖို့မရှိပါဘူး။ ရေပိုလွှဲက ရေကျော်ပြီဆိုတာကို သိရှိနိုင်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီလို အခြေအနေကနေ ရေမှတ်ထပ်တက်လာပြီး ရေလှောင်တမံရဲ့ ရေကြီးမှတ်ကိုရောက်တဲ့အခါ အရေးပေါ်အခြေအနေ အဆင့် (၂) အဖြစ်သတ်မှတ်ပြီး အဝါရောင်အလံကို လွှင့်ထူပါတယ်။ ရေကြီးမှတ်ဆိုတာက ရေပိုလွှဲကို တည်ဆောက်စဉ်က အများဆုံး လာနိုင်မယ်လို့ တွက်ချက်ထားတဲ့ ဒီဇိုင်းအရ ရောက်နိုင်တဲ့ ရေအမှတ်ကို ဆိုလိုတာပါ။ ဒီအခြေအနေမှာတော့ ဒေသခံပြည်သူတွေ အနေနဲ့ သတိနဲ့စောင့်ကြည့်ဖို့လိုတဲ့ အခြေအနေ ဖြစ်ပါတယ်။

အဲဒီကနေတစ်ဆင့်တက်ပြီး တမံထိပ်ပြင်ကို ရေကျော်နိုင်တဲ့ အခြေအနေ ဖြစ်လာတဲ့အခါ တမံကျိုးပေါက်နိုင်တဲ့ အခြေအနေရှိလို့ အရေးပေါ်ရွှေ့ပြောင်းတာတွေ လုပ်ဆောင်နိုင်အောင် အနီရောင်အလံကို အရေးပေါ်အခြေအနေ အဆင့် (၃) အဖြစ် စိုက်ထူအသိပေးပါတယ်။ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးတွေကနေ တစ်ဆင့်အသိပေးပါတယ်။

ဒါကြောင့် ရေကျော်စီးဆင်းနေတဲ့တမံတွေမှာ အရေးပေါ်အခြေအနေအဆင့် (၁) အနေနဲ့ အစီမံးရောင်အလံတွေ လွှင့်ထူထားပါကြောင်း အသိပေးလိုပါတယ်။ အဝါရောင်အလံ စိုက်ထူထားတဲ့ တမံမရှိသေးပါကြောင်းကိုလည်း အသိပေးလိုပါတယ်။

မေး။ ။ ပြည်သူတွေ သိရှိအောင် ဖြည့်စွက်ပြောကြားချင် တာရှိရင်လည်း ပြောပြပေးပါ။

ဖြေ။ ။လက်ရှိအခြေအနေမှာ ဇော်ဂျီမြစ်ရဲ့ အဖျားပိုင်းမှာ မိုးနည်းလာပြီး မြို့ကြီးရေလွှဲဆည်မှာလည်း ရေလျော့ကျလာတာကို တွေ့ရပါတယ်။ ဒါပေမဲ့ စမုံမြစ်နဲ့ ပန်းလောင်မြစ်ရေတွေက ဇော်ဂျီမြစ်ထဲကို စီးဆင်းနေပြီး ကျောက်ဆည်မြို့ အောက်ပိုင်းမှာ ရေတောင့်နေတဲ့အတွက် မြို့ပတ် ဝန်းကျင်မှာတော့ ရေမလျော့သေးပါဘူး။ မြစ်အထက်ပိုင်းမှာရှိတဲ့ ရေလှောင်တမံတွေက လည်း ရေကျော်စီးဆင်းမှုလျော့ကျလာတဲ့အတွက် တစ်စုံတစ်ရာ စိုးရိမ်ဖို့မရှိကြောင်း ပြောလိုပါတယ်။

ပေါင်းလောင်းမြစ်အနေနဲ့ကတော့ ဆင်သေချောင်းရေနဲ့ ပေါင်းလောင်းချောင်းရေတွေ ပေါင်းပြီး စီးဆင်းနေလို့ ပေါင်းလောင်းရေလွှဲဆည်မှာ စံချိန်တင်ရေအမှတ်ကို ရောက်ခဲ့ပြီး လက်ရှိမှာတော့ ရေပြန်ကျနေပါတယ်။ ဒါပေမဲ့ ဒီရေတွေဟာ အောက်ဘက်ကို ဆက်စီးသွားပြီး တောင်ငူမြို့ကို ရောက်ရှိမှာဖြစ်ပါတယ်။ တောင်ငူမြို့မှာလည်း စစ်တောင်းမြစ်ရေဟာ မြင့်တက်နေတဲ့အတွက် လတ်တလောအနေနဲ့ ရေလျော့ကျဖို့မရှိသေးကြောင်းနဲ့ ဒေသခံတွေအနေနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ ထုတ်ပြန်ချက်တွေကို စောင့်ကြည့်ပြီး လိုက်နာဆောင်ရွက်ကြဖို့ အသိပေးပြောကြားလိုပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

လှည်းကူးမြို့နယ်၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

လှည်းကူး စက်တင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းပြီး လှည်းကူးမြို့နယ်နှင့် မှော်ဘီမြို့နယ်အတွင်းတည်ရှိသော ညောင်နှစ်ပင်စိုက်ပျိုး / မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များ၊ လှည်းကူးမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ညောင်နှစ်ပင်စိုက်ပျိုး/ မွေးမြူရေးဇုန်အတွင်း၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကိုကိုလွင်၊ လှည်းကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်စန္ဒာဌေး၊ မှော်ဘီမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ပပသင်း၊ လှည်းကူးမြို့နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးမြင့်အောင်၊ လှည်းကူးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာဝါဝါအုန်းတို့က လှည်းကူးမြို့နယ်နှင့် ညောင်နှစ်ပင်ဇုန်အတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင် ၄၀ နှင့်တွေ့ဆုံပြီး ငါးမွေးကန်များရေကြီးနစ်မြုပ်မှု မရှိစေရေး ၊ ငါးနှင့်ကြက် မွေးမြူသူများအား ငါးကန်အတွင်း ကြက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ တိုးချဲ့မွေးမြူမှုမရှိစေရေး ၊ ဖျက်သိမ်းနိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန် /ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးစိုက်ကေများတွင် မိုးစပါးပြန်လည်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေး

ပုသိမ် စက်တင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးစိုက်ကေများအား စိုက်ကေများပြည့်မီရေးနှင့် အချိန်မီစိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာရှိ တောင်သူဦးအေးကြူ၏ ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးစိုက်ကေငါးကေတွင် ဆင်းသုခစပါးမျိုးအား ကောက်စိုက်လုံမေများဖြင့် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများနှင့်တွေ့ဆုံ၍ ပုသိမ်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ပျက်စီးကေ ဖြ၃၈၇ ကေဖြစ်ပြီး ပြန်လည်စိုက်ပျိုးပြီးကေ ၂၄၆၉ ကေဖြစ်ကြောင်း၊ မိုးစပါးစိုက်ကေများထိခိုက်ပျက်စီးမှုအခြေအနေများ၊ ပြန်လည်ကုစားစိုက်ပျိုးနေမှု အခြေအနေများနှင့် မျိုးစပါးများ၊ သွင်းအားစုများ ထောက်ပံ့ပေးနေမှုအခြေအနေများ၊ သီးထပ်စိုက်ပျိုးနိုင်ရေးနှင့် အောင်ရေရရှိရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ စိုက်ကေများ ပြည့်မီစေရေး၊ အထွက်နှုန်းများ ထိခိုက်မှုမရှိစေရေး တောင်သူများ၊ ဌာနဆိုင်ရာများမှ ဝိုင်းဝန်းဆောင်ရွက်ကြရန်မှာကြားပြီး ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ဟသ်ာတ၊ မြောင်းမြ၊ မအူပင်၊ ဘိုကလေးမြို့နယ်များ၌ စဉ်ဆက်ပညာရေးအကောင်အထည်ဖော် ဆောင်ရွက်ရန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ရာဂိမုန်တိုင်းမိုးရွာသွန်းမှုကြောင့် သာစည်မြို့နယ်ရှိ ရေလှောင်တမံ၊ ရေထိန်းတမံနှင့် ရေလှောင်ကန် ရေဝင်ရောက်မှုအခြေအနေ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရာဂိမုန်တိုင်းအကြွင်းအကျန်များဖြစ်သော လေပွေလှိုင်းအရှိန်ကြောင့် ရှုမ်းကုန်းပြင်မြင့်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး ဒေသအသီးသီးတွင် ထူးကဲရေကြီးရေလျှံမှုများ ကြုံတွေ့နေရခြင်းအပေါ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရေလှောင်တမံနှင့် ဆည်ကန်ငယ်များ အန္တရာယ်မဖြစ်စေရေးအတွက် Emergency Preparedness Plan နှင့် Rules and Regulations များဖြင့် အချိန်မီစီမံဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာစည်မြို့နယ်ရှိ စမုံချောင်းပေါ်ရှိ စမုံရေထိန်းတမံသို့ သွားရောက်ပြီး တမံအတွင်းရေဝင်ရောက်မှု၊ တမံထိပ်မှ ရေကျော်ကျမှုကြောင့် တမံတွင် ပေ ၂၀၀ ခန့် ရေတိုက်စားထိခိုက်ခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တမံအားကြီးမားသော ထိခိုက်မှုမဖြစ်ပေါ်စေရေးနှင့် ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့် အပိုင်းကို အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

တမံအလျား ပေ ၁၄၀၀၀၊ တမံအမြင့် ၃၈ ပေရှိ စမုံရေထိန်းတမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ရေသောက်ဧရိယာ ဧက ၈၇၀၀ ကျော်ကို အကျိုးပြုလျက်ရှိကြောင်း၊ အကျယ်ပေ ၄၀၀ ရှိ ကွန်ကရစ် ရေပိုလွှဲတပ်ဆင်ထားသော်လည်း ယခုရက်ပိုင်းအတွင် ရေဝေရေလဲဒေသအတွင်း ထူးကဲမိုးရေချိန်ရွာသွန်းမှုကြောင့် တမံရေသိုလှောင်နိုင်မှုပမာဏထက် ခြောက်ဆကျော် ရေဝင်ရောက်ခဲ့ပြီး တမံထိပ်ပေါ်ကျော်သည်အထိ ရေကြီးရေလျှံမှု ကြုံတွေ့ခဲ့ရသဖြင့် ကြီးမားသော ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သာစည်မြို့နယ် ညောင်ရမ်းမင်းလှကန်သို့ ရောက်ရှိပြီး ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲမှ ရေကျော်ကျမှု၊ ရေလှောင်တမံ ဘေးကင်းလုံခြုံမှုဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မိုးရွာသွန်းမှုကြောင့် ဝင်ရေများပြားလျက်ရှိရာ ရေပေါက်(ထူးပေါက်)များဖြစ်ခြင်း၊ ရေစိမ့်ထွက်သည့်နေရာများ စစ်ဆေးတွေ့ရှိပါက ပေါ့ဆမှုမရှိဘဲ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားရှိကြရန်၊ အရေးပေါ်ပစ္စည်းများ စုဆောင်းထားရှိမှုနှင့် ပတ်သက်၍ လိုအပ်သည့်နေရာများသို့ အချိန်နှင့်တစ်ပြေးညီ ဖြည့်စွက်ထားရှိနိုင်ရေး ကြိုတင်စီစဉ်ထားရန်နှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြား၍ ညောင်ရမ်းမင်းလှကန် ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေတံခါးများ၊ သဲထုတ်ရေတံခါးများ၊ ဆက်စပ်ရေအားအဆောက်အအုံများ၊ တမံကြံခိုင်မှုနှင့် ရေစီဆင်းရာလမ်းကြောင်း တစ်လျှောက် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မုန်တိုင်ရေလှောင်တမံသို့ ရောက်ရှိပြီး ဝင်ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲမှရေကျော်ကျမှု၊ ရေလှောင်ကန်နှင့် ဆက်စပ်အဆောက်အအုံများကြံခိုင်မှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာ လိုချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီက အမှတ်(၁၀)ရပ်ကွက်ရှိ သမိုင်းဝင်ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဝင်း၏ ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်ဌေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် တပ်ဖွဲ့မိသားစုဝင်များ စုစုပေါင်းအင်အား ၆၀ စုပေါင်း၍ အရှေ့ဘက်မုခ်တန်ဆောင်းအတွင်း အမှိုက်များရှင်းလင်းခြင်း၊ တံမြက်စည်းများလှည်းခြင်းနှင့် ဘုရားရင်ပြင်တော်အား သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်စဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

ပျဉ်းမနားခရိုင်၌ ဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈)ခုနှစ်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေဆိုင်ရာ (ခရိုင်အဆင့်) အသိပညာပေးရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ပိုင်းက ဧမ္မူသိရိမြို့နယ် အမှတ်-၁၄ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပညာရေးမှူးရုံး ခရိုင်ပညာရေးမှူး ဒေါ်ဝင်းဝင်းအေးက KG + 12 တက်ရောက်နေသည့်ကျောင်းသား ကျောင်းသူများသည် လာမည့် ရွေးကောက်ပွဲတွင် ပထမအကြိမ် ဆန္ဒမဲပေးကြမည့် လူငယ်မဲဆန္ဒရှင်များအုပ်စုတွင် အကျုံးဝင်နေသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ ဆိုင်ရာ ဗဟုသုတများရရှိစေရန်တွက် အသိပညာပေး အစီအစဉ်များကို ဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားသည်။



ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ပျဉ်းမနားခရိုင် ဥပဒေရုံး ဒုတိယဥပဒေအရာရှိ ဒေါ်သီရိအောင်က ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)ခုနှစ်ပါ အကြောင်းအရာများကို လည်းကောင်း၊ ဒကွိဏ်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးလက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မော်မော်အောင်ကပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ များအကြောင်းကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မျိုးသီဟ(ပြန်/ဆက်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏



၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

- လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

မင်္ဂလာဒုံမြို့နယ်၌ နွားနှင့် ဆိတ် မေထုန်မဲ့ သားစပ်သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ နွားနှင့် ဆိတ် မေထုန်မဲ့သားစပ်သင်တန်း အမှတ် (၁/၂၀၂၄/ရက) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက် ကော့ထူးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာ အောင်မြင့်ဟန်က နွားနှင့် ဆိတ်မေထုန်မဲ့သားစပ်သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ပျားရည်၊ပျားဖယောင်းသန့်စင်စက်ရုံ၊ နို့စားနွားမျိုးနွားသိုးများ မွေးမြူထားရှိမှု၊တိရစ္ဆာန်အစာပင်များ စိုက်ပျိုးထားရှိမှုနှင့် မေထုန်မဲ့သားစပ်ခြင်းတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများနှင့် နို့စားနွားမျိုးရည်ခဲချောင်းထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

သင်တန်းကိုမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နည်းပြများက ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ သင်တန်းသား ၁၀၀ အား စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ငါးရက်ကြာ နွားနှင့် ဆိတ် မေထုန်မဲ့သားစပ်ခြင်း အကြောင်းအရာများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချမည်ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)



ကွန်ပျူတာ တက္ကသိုလ်(ဟင်္သာတ) ၌ ICT Project ပြပွဲ၊ ပြိုင်ပွဲ ကျင်းပ

ဟင်္သာတ စက်တင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့ရှိ ကွန်ပျူတာတက္ကသိုလ် (ဟင်္သာတ) ဘွဲ့နှင်းသဘင်ခန်းမ၌ ICT Project ပြပွဲ၊ ပြိုင်ပွဲကို စက်တင်ဘာ ၁၂ရက်က အဆိုပါနေရာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထွန်းမြတ်အောင်က အဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် ဆုရ ကျောင်းသား ကျောင်းသူများက ၎င်းတို့ပြုလုပ်ထားသော Project များကို



သရုပ်ပြ ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ဒုတိယခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးသူရိန်က ဦးအောင်မြင့်ဦးက B.C.S.C ဘွဲ့ကြို Internship Project ပြိုင်ပွဲမှ ဆုရရှိသူတို့အား လည်းကောင်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထွန်းမြတ်အောင်က B.C.Tech၊ B.C.S.C ဘွဲ့ကြို Internship Project ပြိုင်ပွဲမှ ဆုရရှိသူတို့အားလည်းကောင်း ဆုချီးမြှင့်ခဲ့ပြီး တာဝန်ရှိသူများနှင့် ဧည့်သည်တော်များမှ ကျောင်းသားကျောင်းသူများ ပြုလုပ်ထားသော Project များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပေါင်မြို့နယ် ဥပဒေရေးရာဆိုင်ရာ အသိပညာပေး ဟောပြောပွဲပြုလုပ်

ပေါင် စက်တင်ဘာ ၁၂

မွန်ပြည်နယ် ပေါင်မြို့နယ်(အထက)ဧင်းကျိုက်၌ ဥပဒေရေးရာဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ပေါင်မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကျောင်းသား ကျောင်းသူများသိသင့်သည့် ဥပဒေဆိုင်ရာများကို ဟောပြောသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဦးစီးအရာရှိဒေါ်တင်ဇာစိုးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ ဧင်းကျိုက်မြို့မ စခန်းမှူး ရဲအုပ်သိန်းနိုင်ဝင်းက မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ ဒုရဲအုပ်ထွန်းနောင်နောင်က လူကုန်ကူးမှု၏ဆိုးကျိုးများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အကျယ်တဝင့်ဟောပြောသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးသံမရောင်းက အထက်ပါဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဌေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။



တစ်ဆက်တည်းမှာပင် ကျောင်းသား ကျောင်းသူများက သိလိုသည့်အကြောင်းအရာများကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ ထို့ပြင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့်နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)

စစ်တောင်းမြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်နှင့် သောင်ရင်းမြစ် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့တစ်ပေခွဲကျော် (၄၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲကျော် (၈၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အထက်သို့ ၁ ပေခန့် (၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၇၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ(၉၆၃ စင်တီမီတာ) အထက်သို့ငါးပေခွဲကျော် (၁၇၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း လေးပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိ ပုံစံ(၈)ဝင် ကျွန်းတံခါးချပ်၊ ကျွန်းပြတင်းတံခါး၊ တံခါးအပိုင်းအစ၊ ကျွန်းသစ်လုံး၊ ကျွန်းတိုင်၊ ပျဉ်းကတိုးတိုင်၊ မဟော်ဂနီတိုင်၊ အခြားသားထင်း၊ မီးသွေး၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်း၊ ကျွန်းတံခါး၊ တံခါးရွက်၊ ကျွန်းပရိဘောဂအပိုင်းအစများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကြော်ငြာ
လေလံအမှတ်စဉ် (၂/၂၀၂၄)

၁။ သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်မှ ပုံစံ(၈)ဝင် အခြားသားထင်း (၁.၆၅၆၆)တန်၊ မီးသွေး (၂၈.၁၆)တန်၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ မှော်ဘီမြို့နယ်မှ ကျွန်းတံခါးချပ်၊ ကျွန်းပြတင်းတံခါး၊ တံခါးအပိုင်းအစ၊ ကျွန်းသစ်လုံး၊ ကျွန်းတိုင်နှင့် ပျဉ်းကတိုးတိုင်၊ မဟော်ဂနီတိုင် စုစုပေါင်း (၁၂.၀၅၆၆) တန်၊ ထန်းတပင်မြို့နယ်မှ ကျွန်းတံခါး၊ တံခါးရွက်၊ ကျွန်းပရိဘောဂအပိုင်းအစ (ကုတင်၊ ဆက်တီ၊ ဘုရားစင်၊ ကျွန်းဘီဒိုအကြမ်း) စုစုပေါင်း (၁၀.၁၀၈၆)တန်နှင့် အခြားသားတိုင်(၃၄၂)လုံး၊ (၁၈.၇၁၄၄)တန်၊ အခြားသားသစ်လုံး (၁၀၂)လုံး၊ (၁၂.၇၇၂၀)တန်အား မျက်မြင်အခြေအနေ အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်-

ကျင်းပချမည့်အစီအစဉ်

(၁) **နေ့ရက်**	-	(၂၀.၉.၂၀၂၄)ရက် (သောကြာနေ့)
(၂) **အချိန်**	-	(၁၃ : ၁၀) မှ (၁၇ : ၁၀) နာရီထိ
(၃) **နေရာ**	-	သစ်တောဓမ္မာရုံ၊ကြို့ကုန်းသစ်တောဝင်းဘုရင့်နောင်လမ်း၊ အင်းစိန်မြို့နယ်

၂။ သစ်တောဦးစီးဌာနတွင် တရားဝင် မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်အခြေခံအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းရှင်များ၊ သစ်စက်သေး/စက်ကြီး အချောထည်စက်/လွှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ ပန်းပုလုပ်ငန်းရှင်များ၊ ပရိဘောဂလုပ်ငန်းရှင်များသည် ဈေးပြိုင် လေလံဝယ်ယူခွင့် လျှောက်လွှာနှင့် စည်းကမ်းချက်(၁)စုံလျှင် (၁၀၀၀ိ/-) နှုန်းဖြင့် (၁၆.၉.၂၀၂၄)ရက်နေ့မှ (၁၉.၉.၂၀၂၄)ရက်နေ့ (၁၂:၀၀)ထိ နောက်ဆုံးထား၍ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၌ လိုင်စင်မိတ္တူနှင့် အတူ ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် လပ်ပုံများကို (၁၇.၉.၂၀၂၄)ရက်နေ့မှစ၍ လေလံပွဲမကျင်းပမီ(၃)ရက်အလို ရုံးချိန် အတွင်း ပစ္စည်းတည်ရှိရာ နေရာများတွင် ဝယ်ယူမည့်သူကိုယ်တိုင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ တယ်လီဖုန်းအမှတ်၊ 09-421014647၊ 09-425363027၊ 09-421011036 နှင့် Email လိပ်စာ၊ ad.north.fd.yangon@gmail.com ဦးစီးအရာရှိရုံး၊ အင်းစိန်မြို့နယ် (09-771979698)၊ ဦးစီးအရာရှိရုံး၊ မှော်ဘီမြို့နယ်(09-787878752)နှင့် မြို့နယ်ဦးစီးဌာနမှူး၊ ထန်းတပင်မြို့နယ်(09-256222749) တယ်လီဖုန်းအမှတ်များသို့ စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ၊ ရန်ကုန်မြောက်ပိုင်းခရိုင်

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အ.မ.က(၂)ညောင်ကုန်း ပဉ္စမတန်း မှ မမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးဝေ[၁၀/ရမန(နိုင်)၂၅၂၂၅၄]ဖြစ်ပါကြောင်း။

ဦးဝေ

ဖခင်အမည်မှန်

မအူပင်မြို့နယ်၊ အ.ထ.က၊ စစ်ချောင်း Grade-12 မှ မောင်စိုးထက်ကျော် ၏ ဖခင်အမည်မှန်မှာ ဦးဇော်လွင်[၁၄/မအပ(နိုင်)၁၆၀၂၅၄] ဖြစ်ပါကြောင်း။

ဦးဇော်လွင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၁၃၄၄၊ မြေကွက်တည်နေရာအမှတ်-၁၃၄၄၊ အနော်ရထာလမ်း၊ ၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးစင်မောင်သွန်(TKN-၀၆၅၃၇၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစင်မောင်သွန်(ခင်ပွန်း) သည် (၃.၁.၂၀၁၀)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်သိန်း (၁၀/သထန (နိုင်) ၀၄၂၅၃၃)မှ အမည်ပေါက်၏တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် ၂ ထပ်တိုက် ၁လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မြင့်မြင့်သိန်း မှ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီး ၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာနမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖမ်းဆီးရမိ ပုံစံ(၈)ဝင် ကျွန်းတံခါးချပ်၊ ကျွန်းတံခါး အပိုင်းအစ၊ ကျွန်းပါကေး(အကြမ်းတုံး)၊ သစ်မာသစ်လုံး၊ အခြားသားပွတ်လုံးငယ်/ခွဲသား၊ ပျဉ်းကတိုးဖုံတိုတို့အား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကြော်ငြာ
လေလံအမှတ်စဉ် (၁/၂၀၂၄)

၁။ သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်မှ ပုံစံ(၈)ဝင် ကျွန်းတံခါးချပ်၊ ကျွန်းတံခါးအပိုင်းအစ၊ ကျွန်းပါကေး(အကြမ်းတုံး) စုစုပေါင်း (၅.၀၀၅၀)တန်၊ သစ်မာသစ်လုံး (၂)လုံး၊ (၀.၁၉၇၇)တန်၊ သစ်မာတိုင် (၄)တိုင်၊ (၀.၁၇၇)တန်၊ အခြားသားပွတ်လုံးငယ် (၁၂၁၅)လုံး၊ (၀.၂၃၉၃) တန် နှင့် မှော်ဘီမြို့နယ်မှ ပျဉ်းကတိုးဖုံတို (၄၃၇)လုံး၊ (၉.၄၉၈၀)တန်၊ အခြားခွဲသား (၁၄)ချောင်း၊ (၀.၆၇၉၂) တန်အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်-

ကျင်းပမည့်အစီအစဉ်

(၁) နေ့ရက်	-	၂၀-၉-၂၀၂၄ ရက် (သောကြာနေ့)
(၂) အချိန်	-	နံနက် (၉:၀၀)နာရီမှ (၁၂:၃၀) နာရီထိ
(၃) နေရာ	-	သစ်တောဓမ္မာရုံ၊ ကြို့ကုန်းသစ်တောဝင်း ဘုရင့်နောင်လမ်း ၊ အင်းစိန်မြို့နယ်

၂။ သစ်တောဦးစီးဌာနတွင် တရားဝင် မှတ်ပုံတင်လိုင်စင်ရရှိထားသည့် ပရိဘောဂနှင့် ပန်းပုလုပ်ငန်းရှင်များ၊ သစ်အခြေခံအိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များသည် ဈေးပြိုင်လေလံဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်(၁)စုံလျှင် (၃၀၀၀ိ/-)နှုန်းဖြင့် (၁၆-၉-၂၀၂၄)ရက်နေ့မှ (၁၉-၉-၂၀၂၄) ရက်နေ့(၁၂:၀၀)နာရီထိ နောက်ဆုံးထား၍ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၌ လိုင်စင်မိတ္တူနှင့်အတူ ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် လပ်ပုံများကို (၁၇-၉-၂၀၂၄)ရက်နေ့မှစ၍ လေလံပွဲမကျင်းပမီ (၃)ရက်အလို ရုံးချိန်အတွင်း ပစ္စည်းတည်ရှိရာနေရာများတွင် ဝယ်ယူမည့်သူကိုယ်တိုင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ တယ်လီဖုန်းအမှတ်၊ 09- 421014647၊ 09-425363027၊ 09-421011036နှင့် Email လိပ်စာ၊ ad.north.fd.yangon@gmail.com ဦးစီးအရာရှိရုံး၊ အင်းစိန်မြို့နယ် (09-771979698) နှင့် ဦးစီးအရာရှိရုံး၊ မှော်ဘီမြို့နယ်(09-787878752) တယ်လီဖုန်းအမှတ်များသို့ စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ
ရန်ကုန်မြောက်ပိုင်းခရိုင်

"တိုက်ခန်းဝယ်ယူပိုင်ဆိုင်ပြီးကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ စက်ရုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ လမင်းသာယာကွန်ဒို၊ အမှတ် (၁၃၃) ဟုခေါ်တွင်သော တိုက်အဆောက်အဦ၏ (၇-လွှာ)(A1)၊ အခန်းအမှတ်(၇၀၁) ကွန်ဒိုတိုက်ခန်းကို ဒေါ်ဇင်မာထွန်း [၁၂/မဂတ(နိုင်) ၁၀၀၆၆၆]မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇော်တင် [၁၁/စတန(နိုင်) ၀၅၅၄၄၉]က (၂၈-၈-၂၀၂၄)ရက်စွဲပါ **"လမင်းသာယာကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"** ဖြင့် တန်ဖိုးငွေအပြေအကျေပေးချေ၍ အပြီးအပိုင် လက်ရောက်ဝယ်ယူပြီး လက်ရှိပိုင်ဆိုင်နေထိုင် အကျိုးခံစားလျက်ရှိသည့် ကွန်ဒိုတိုက်ခန်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မာမာသိန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)

ဒေါ်နီနီဝင်း(LL.B)	**ဒေါ်နှင်းဝေလွင် (LL.B)**
(စဉ်-၅၁၇၁၈)	**(စဉ်-၅၄၁၀၅)**

အထက်တန်းရှေ့နေများ
အမှတ်(၂၇၅)၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၆၄၉၅၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

